မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၅)၊ အမှတ် (၃၁၈)

ဒါနတော ဘောဂဝါ အကြောင်း(၂)ပြာ

ဗုဒ္ဓမြတ်စွာ ရှင်တော်ဘုရားက **"ဒါနတော ဘောဂဝါ** ဒါနပြုခြင်းကြောင့် ဖြစ်လေရာဘဝမှာ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝ ချမ်းသာတတ်၏"ဟု ဟောကြားတော်မူခဲ့သည်။ ဒါနဟုဆိုရာတွင် ဒါနနှစ်မျိုးရှိပါသည်–

၁။ **ဝဋ္ဋနိဿိတဒါန**
သံသရာလည်ကြောင်းဒါန

၂။ **ဝိဝဋ္ဋနိဿိတဒါန**
သံသရာမှ လွတ်မြောက်ကြောင်းဒါန **စာမျက်နှာ ၃ ကော်လံ ၄** ●

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၀၆ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်သမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဩဂုတ် ၁၂ ရက်မှ စတင်တိုက်ခတ်ခဲ့သော နှစ် ၅၀ အတွင်း အင်အားပြင်းထန်သည့် ဆောင်မိုင်းမုန်တိုင်းဒဏ်ကြောင့် ဖူကျန့်၊ ကျဲ့ကျန်းနှင့် ကျန်းရှီးပြည်နယ်များ၌ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟူကျင်တောင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ် ၁၃ ရက်တွင် နေပြည်တော်မှ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တပ်မတော်အရာရှိများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကျိုင်းတုံလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✡



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အားကစားခန်းမဝင်းအတွင်း၌ ကျင်းပသော ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

တက်ရောက်အားပေး

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

တိုင်းရင်းဆေးပညာ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး လက်တွဲကြိုးပမ်း

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ယဉ်ကျေးမှုသမိုင်းဦးအစ ကာလများကပင် စတင်အသုံးပြုခဲ့သော အမျိုးသားရိုးရာ ဆေးပညာရပ်ဖြစ်သည်။ ကျယ်ဝန်းနက်ရှိုင်းပြီး သိမ်မွေ့နက်နဲလှသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို ဆရာစဉ် သမားဆက် သင်ကြား၍လည်းကောင်း၊ မျိုးရိုးစဉ်ဆက်အရလည်းကောင်း လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြသည်။

သမိုင်းအစဉ်အဆက် ပေါ်ထွန်းလာခဲ့သော မြန်မာ့တိုင်းရင်းဆေး ပညာရှင်ကြီးများက ခက်ခဲနက်နဲသော ဆေးကျမ်းအစောင်စောင်ကို ကြိုးပမ်းပြုစုခဲ့ကြသည်။ အာနိသင် အစွမ်းထက်မြက်သော ဆေးဝါးအဖုံဖုံ၊ ကုထုံးအသွယ်သွယ်တို့ဖြင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ကြသည်။

နိုင်ငံတော်၏ အားပေးချီးမြှောက်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ စီမံကြီးကြပ်မှု၊ တိုင်းရင်းဆေးပညာရှင်များ၏ ကြိုးစားအားထုတ်မှုတို့ကြောင့် ယနေ့ခေတ်ကာလတွင် မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ထိုသို့ဖွံ့ဖြိုးတိုးတက်လာမှု၊ လူအများ လက်ခံသုံးစွဲမှုစသည်တို့ တည်တံ့ခိုင်မာစေရန် တိုင်းရင်းဆေးပညာရှင်အားလုံး အစဉ်အမြဲနှလုံးသွင်း ကြိုးပမ်းအားထုတ်နေကြရမည်ဖြစ်သည်။ တိုင်းရင်းဆေးပညာသည် လူသားမျိုးနွယ် အဆက်ဆက် အမွေဆက်ခံကြရသည့် အပြင် ဆေးဝါးများသည်လည်း ကြီးမားကျယ်ပြန့်သည့် သဘာဝဆေးပင်နှင့် ဆေးပစ္စည်းတို့ကို အခြေခံရသည်။

သဘာဝဆေးပင်နှင့်ဆေးပစ္စည်း အခေါ်အဝေါ်များ တိကျစေရန် အရေးကြီးသကဲ့သို့ ဆေးဝါးဖော်စပ်ရာ တွင်လည်းကောင်း၊ သုံးစွဲကြသည့်အခါတွင်လည်းကောင်း ဆေးပင်ဆေးနည်း အခေါ်အဝေါ် ဖော်စပ်နည်း လွဲမှားတိမ်းစောင်းမှုမရှိစေရန် အလေးဂရုပြု ဆောင်ရွက်ကြရမည် ဖြစ်သည်။

တိုင်းရင်းဆေးပညာဦးစီးဌာနသည် တိုင်းရင်းဆေးကောင်စီဝင်များ၊ တိုင်းရင်းဆေး ဆရာအသင်းများနှင့် ပူးပေါင်းလက်တွဲကာ မြန်မာ့တိုင်းရင်းဆေးပညာရပ်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အာဆီယံနိုင်ငံ ကျောင်းသား၄၈ဦး စင်ကာပူနိုင်ငံ ပညာသင်ဆုချီးမြှင့်ခံရ

စင်ကာပူ ဩဂုတ် ၁၆

စင်ကာပူနိုင်ငံမှအပ အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်နိုင်ငံများမှ ကျောင်းသား ၄၈ဦးကို စင်ကာပူနိုင်ငံ ပညာသင်ဆု ချီးမြှင့်ခဲ့ကြောင်း၊ ထိုကျောင်းသားများသည် စင်ကာပူအမျိုးသား တက္ကသိုလ် နန်ယန်းစက်မှု နည်းပညာ တက္ကသိုလ်နှင့် စင်ကာပူစီမံခန့်ခွဲမှု တက္ကသိုလ်တို့တွင် ပညာသင်ကြားရလိမ့်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးရာဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ချီးမြှင့်ခဲ့

စင်ကာပူပညာသင်ဆု အစီအစဉ်ကို ၁၉၉၈ခုနှစ်တွင် စတင်ခဲ့ရာ စုစုပေါင်း ကျောင်းသား ၄၀၀ အား ပညာသင်ဆု ချီးမြှင့်ခဲ့ပြီးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

လက်ဘနွန်တောင်ပိုင်းမှပြည်သူများ နေရပ်သို့ ပြန်လာနေကြ

စီဒွန် ဩဂုတ် ၁၆

အစ္စရေးနှင့်ဟစ်ဇ်ဘိုလာတို့အကြား ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ကြောင့် အပစ်အခတ်ရပ်စဲမှုကို ဩဂုတ် ၁၄ ရက်က စတင်ခဲ့ပြီးနောက် တိုက်ခိုက်မှုဖြစ်ပွားစဉ်က အိုးအိမ်များကိုစွန့်ခွာထွက်ပြေးခဲ့ရသောလက်ဘနွန် တောင်ပိုင်းမှ ပြည်သူများနေအိမ်များသို့ ပြန်လာနေကြရာ အပျက်အစီးများကြောင့် အခက်အခဲတွေ့လျက်ရှိသည်။ **(ယာအောက်ပုံ)**

လက်ဘနွန်နိုင်ငံတောင်ပိုင်း စီဒွန်မြို့သို့ဆက်သွယ်ဖောက်လုပ်ထားသော အဝေးပြေးလမ်းများမှာ အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက်မှုများကြောင့် ပျက်စီးလျက်ရှိရာ နေအိမ်ပြန်လာသော လူများနှင့် ရာပေါင်းများစွာသော မော်တော်ယာဉ်များသွားလာရေးခက်ခဲ ကာပိတ်ဆို့မှုများဖြစ်ပေါ်လျက်ရှိသည်။

ပြုပြင်

အထူးသဖြင့် မော်တော်ကားလမ်းများနှင့် တံတားများမှာ အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက်သော ဗုံးဒဏ်ကြောင့် အများအပြား ပျက်စီးသွားခဲ့သည်။ ဒေသခံအချို့နေအိမ်များသို့ ပြန်ရောက်ပြီး ပျက်စီးနေသော အိမ်များကို ပြုပြင်လျက်ရှိသည်။

မော်တော်ကားလမ်းပေါ်ရှိအပျက်အစီးများ၊သစ်ပင်များကိုဘူဒိုဇာများဖြင့် ရှင်းလင်းပေးလျက်ရှိပြီး ဒေသခံများ နေအိမ်ပြန်နိုင်ကြရေး ဆောင်ရွက်ပေးလျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

ကူဝိတ်နိုင်ငံ၏ ပြည်ပပို့ကုန်ဝင်ငွေတိုးတက် ခြောက်နှစ်အတွင်း ဒေါ်လာ ၂၉၃၀ ဘီလီယံကျော်ရရှိ

ကူဝိတ်စီးတီး ဩဂုတ် ၁၆

ကူဝိတ်နိုင်ငံသည် ၂၀၀၀-၂၀၀၅ ခုနှစ်တာကာလအတွင်း ပြည်ပပို့ကုန်များမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၉၃၀ ဒသမ ၈ ဘီလီယံရရှိခဲ့ကြောင်း ကူဝိတ်သတင်းဌာနက ဩဂုတ် ၁၃ရက်၌ သတင်းထုတ်ပြန်သည်။

၂၀၀၅ ခုနှစ် တစ်နှစ်တည်း၌ပင် ပြည်ပပို့ကုန်မှ ဝင်ငွေအမေရိကန်ဒေါ်လာ ၁၉၃ ဒသမ ၅၄ ဘီလီယံရရှိခဲ့ရာ ပြီးခဲ့သည့် ခြောက်နှစ်တာကာလအတွင်း အမြင့်ဆုံးစံချိန်ပင်ဖြစ်ကြောင်း ကူဝိတ်နိုင်ငံစီးပွားရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းဇယားများ၌ ဖော်ပြထားသည်။

တင်ပို့

ကူဝိတ်နိုင်ငံမှ ပို့ကုန်များကို ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)အဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံသို့ ၂၀၀၀-၂၀၀၅ ခုနှစ် တာကာလအတွင်း အမေရိကန်ဒေါ်လာ၁၀ ဒသမ ၄၄၈ ဘီလီယံဖိုး တင်ပို့ခဲ့ကြောင်း အဆိုပါ စာရင်းဇယားများ၌ ဖော်ပြသည်။

ဖော်ပြ

ကူဝိတ်အနေဖြင့် အခြားအာရပ်နိုင်ငံများသို့ ၂၀၀၀-၂၀၀၅ ခုနှစ်တာကာလအတွင်း တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှ ဝင်ငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀၃၆ ဒသမ ၃၂ သန်းရှိခဲ့ကြောင်း၊ ကူဝိတ်နိုင်ငံစီးပွားရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်းလွှာ၌ ဖော်ပြသည်။

ပါဝင်

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ(ဂျီစီစီ)တွင် ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာ၊ ဆော်ဒီအာရေဗျနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံတို့ ပါဝင်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြဝတီရုပ်မြင်သံကြား

၁၇-၈-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနှားဝင်
၄း၂၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သံယောဇဉ်"** (အပိုင်း-၇)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၁၇)

✡ ရှေ့ဖုံးမှ

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ကျိုင်းတုံမြို့ သာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အဆိုပါ ဆွမ်းဆန်တော်လှူဒါန်းပွဲ အခမ်းအနားသို့ ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့မှ မြို့မိ မြို့ဖများနှင့် ဝတ်အသင်းဝင်များ တက်ရောက်ကြည်ညိုကြသည်။

သီလဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး အတွင်းရေးမှူး(၁)နှင့် ပရိသတ်တို့က ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမာစာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က ဆွမ်းဆန်တော် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း လျှောက်ထားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်က ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဗိုလ်ချုပ်ရဲမြင့်၊ တိုင်းမှူးနှင့်ဝန်ကြီးများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျိုင်းတုံမြို့ ခမ္မောဒယကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာဓေယျထံမှ အတွင်းရေးမှူး(၁)နှင့် ပရိသတ်တို့က သာဓုအနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွက်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်အိတ် ၁၀၀၊ ဆားပိဿာ ၅၀၀နှင့် ဆီပိဿာ ၁၀၀ တို့ကိုလှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့တက်ရောက်လာကြသည့် ကျိုင်းတုံမြို့မှ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

ဝဋ္ဋနိဿိတဒါနဟူသော သံသရာလည်ကြောင်း ဒါနတွင် ဒါနငါးမျိုး ခွဲခြားထားပါသည်။

(က) **သဒ္ဓါဒါန**

ကံ ကံ၏အကျိုးကို ယုံကြည်၍ အလှူခံပုဂ္ဂိုလ်တို့အား စိတ်ကြည်ကြည်လင်လင် ပေးလှူခြင်း၊
အကျိုးမှာ – ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်းပေါများကြွယ်ဝခြင်း၊ ကျားမ မရွေး ရုပ်ရည်ရူပကာ အဆင်းသဏ္ဍာန် ပြည့်စုံခြင်း၊ ရှုံးသွပ်စိတ်နောက်ခြင်း မရှိ၊ စိတ်ကြည်လင်ခြင်း၊

(ခ) **သက္ကစ္စဒါန**

လှူဖွယ်ဝတ္ထုကို ကောင်းကောင်းမွန်မွန် သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းပြုပြင်၍ အလှူခံပုဂ္ဂိုလ်တို့အား ရိုရိုသေသေလှူခြင်း၊
အကျိုးမှာ – ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်းပေါများကြွယ်ဝခြင်း၊ သားမယား၊ ကျေးကျွန်၊ အခြွေအရံတို့အပေါ် သြဇာတည်ခြင်း၊ အိမ်ထောင်စု ပျော်ရွှင်ချမ်းမြေ့စေခြင်း၊

(ဂ) **ကာလဒါန**

လှူဖွယ်ပစ္စည်းကို အချိန်ကာလနှင့် အခါအားလျော်စွာ ဖြစ်ပေါ်လာသော ဝတ္ထုပစ္စည်းဖြင့် လှူဒါန်းခြင်း၊
အကျိုးမှာ – ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်းကြွယ်ဝခြင်း၊ မိမိတွင် အလိုရှိသည့် အချိန်အခါ၌ မိမိအလိုရှိသော ရာထူး၊ ဂုဏ်သိန်၊ စည်းစိမ်ဥစ္စာများ အခါကာလကိုလိုက်၍ ဖြစ်ပေါ်ရရှိစေခြင်း၊

(ဃ) **အနုဂ္ဂဟိတဒါန**

အလှူခံပုဂ္ဂိုလ်အား ချီးမြှောက်လို၍ ပုဂ္ဂလအစွဲမထားဘဲ လှူခြင်း၊
အကျိုးမှာ – ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်း ပေါကြွယ်ဝပြီး စည်းစိမ်ဥစ္စာများအပေါ် သုံးဆောင်လိုစိတ်ရှိကာ သုံးဆောင်နိုင်ခြင်း၊ (ဒါနပြုရာတွင် ချီးမြှောက်လိုခြင်းမရှိဘဲ ပေါ့ပေါ့ တန်တန် လှူဒါန်းပါက နောင်ဘဝတွင် ဥစ္စာပစ္စည်းရှိသော်လည်း ကိုယ်တိုင် သုံးစွဲလိုစိတ် မရှိဟု မှတ်ယူရမည်)

(င) **အနုပဟစ္စဒါန**

မိမိကိုယ်ကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း မငြိစွန်း မထိခိုက်စေဘဲ လှူဒါန်းခြင်း၊
အကျိုးမှာ – ဖြစ်လေရာဘုံဘဝမှာ ဥစ္စာပစ္စည်းပေါများကြွယ်ဝခြင်း၊ ရန်သူမျိုးငါးပါးဘေးမှ ကင်းဝေးခြင်း၊ အမွေခံသားဆိုးသမီးဆိုးတို့ ဘေးရန်ကင်းဝေးခြင်း၊
(မသန့်ရှင်းသောဒါန–ဥပမာ ကြက်သတ်၍ လှူဒါန်းဥပုသ်ပြုလုပ်ခြင်းမျိုးသည် စည်းစိမ်ဥစ္စာ ရှိငြားသော်လည်း ရန်သူမျိုးငါးပါးနှင့် တွေ့ကြုံရနိုင်ကြောင်း သတိပြုရမည်)

အထက်ဖော်ပြပါ ဝဋ္ဋနိဿိတဒါနမျိုးသည် ကောင်းကျိုးချမ်းသာကို ပေးစွမ်းသော်လည်း သံသရာလည်ကြောင်းတရားများ ပါနေသဖြင့် ပြီးပြည့်စုံသော ကောင်းမှုဒါနဟု မဆိုနိုင်ပါ။

ဝိဝဋ္ဋနိဿိတဒါနမျိုးဖြစ်သော **"ဇာတိဒုက္ခ စသည် လွတ်ရာကျွတ်ရာဖြစ်သော နိဗ္ဗာန်ကို ရောက်ရပါလို၏"**ဟု သံသရာပြတ်သည့်ဒါနမျိုးသာလျှင် ဒါနအနှစ်အစစ်ဖြစ်သဖြင့် ပိုမိုမွန်မြတ်လှသည်ကို သတိနှင့်ယှဉ်၍ သူတော်စင်တို့ အလှူဒါနပြုနိုင်ကြပါသည်။ ။

(သာသနာရေး)

သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၆) သို့ ရှမ်းပြည်နယ် အထူးဒေသ(၂)နှင့် အထူးဒေသ(၄)တို့မှ တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

✳ ကျောဖုံးမှ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေါင်းဆောင်ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr.Hul Phany နှင့် နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ သံရုံး ယာယီတာဝန်ခံများနှင့်သံရုံးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ကုလသမဂ္ဂခုခံအားကျဆင်းမှု ကူးစက်ရောဂါတားဆီးရေး(UNAIDS)၊ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)၊ မူးယစ်ဆေးဝါး တားဆီးရေး အေဂျင်စီ (DEA)တို့မှ ဌာနေကိုယ်စားလှယ်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့်ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းညွှန်ကြားရေးမှူး(သတင်း) နှင့် သတင်းနှင့် ပြန်ကြားရေးတာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်းနှင့်ဂျာနယ်တိုက်များမှစာတည်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရှမ်းပြည်နယ် အထူးဒေသ (၂)နှင့် အထူးဒေသ(၄) တို့မှ တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက SSA-S ရွက်ဆစ်၏ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုများ အပါအဝင် တိုင်းရင်းသားလူမျိုးစုများအပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှု၊ မတော်မတရား အဓမ္မပြုကျင့်မှု၊ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲ၊ ဆက်ကြေးကောက်၊ လူသစ်စုဆောင်းမှုစသည့် အကြမ်းဖက်လုပ်ရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်း ပြောကြားချက်များကို သီးခြား ဖော်ပြထားပါသည်။)

ထို့နောက် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာကြသော ပြည်တွင်းပြည်ပ သတင်းစာဆရာများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး သတင်းစာရှင်းလင်းပွဲကို မွန်းလွဲ ၃နာရီ မိနစ်၂၀ တွင် ရပ်နားလိုက်သည်။

ကြည့်ရှုလေ့လာ

သတင်းစာရှင်းလင်းပွဲအပြီးတွင် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်တွင်းပြည်ပသတင်းစာဆရာများသည် သတင်းစာရှင်းလင်းပွဲ ကျင်းပရာ ခန်းမအတွင်း ခင်းကျင်းပြသထားသော SSA-S ရွက်ဆစ်၏ ခမ်းပါဒေသ ဘိန်းချက်စခန်းနှစ်ခုအား တိုက်ခိုက်သိမ်းပိုက်မှုဖြစ်စဉ်မှတ်တမ်းဓာတ်ပုံများ၊ တာချီလိတ်၌ မူးယစ်ဆေးဝါး ဖော်ထုတ်ဖမ်းဆီးရမိမှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံများ၊ ဆွတ်လေ၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုဖြစ်စဉ်နှင့် မိုင်းပျင်း၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမှုဖြစ်စဉ် မှတ်တမ်း ဓာတ်ပုံများ၊ လဲချားမြို့၌ ကျင်းပသောဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ အခမ်းအနား၊ ရန်ကုန်မြို့၌ ကျင်းပခဲ့သော အကြိမ် (၂၀)မြောက် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲနှင့် ကျိုင်းတုံမြို့၌ ၂၆–၄–၂၀၀၆ ရက်က ကျင်းပသော ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲ မှတ်တမ်းဓာတ်ပုံများ၊ ဝမ်ယိန်းနှင့်တာချီလိတ်တို့မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မူးယစ်ဆေးဝါး တရားခံ ဟန်ယုဝမ်အား မြန်မာနိုင်ငံအတွင်းဖမ်းဆီးရမိသဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်မှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံများ၊ စိုးစန်ဇုန် မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ SSA-S ရွက်ဆစ်၏ ခမ်းပါဒေသ ဘိန်းချက်စခန်းနှစ်ခုမှ သိမ်းပိုက်ရရှိထားသော လက်နက်မျိုးစုံ ၁၅လက်၊ ကျည်ဆန်မျိုးစုံ ၅၈၂ တောင့်၊ လက်ပစ်ဗုံးသုံးလုံးနှင့် ကျည်ကတ်မျိုးစုံ ၂၆ ခုတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၇–၈–၂၀၀၆ ရက်
(ကြာသပတေးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀ ၆။ အရေးပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၂၅ ၈။ ကျောက်တစ်လုံး ရေကူရေလျှောင်တမံ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ အဆိုပြိုင်ပွဲ
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) [ဓာတုဗေဒ]
၁၇:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၂၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၃၀ ၈။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း–၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြည်ဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၄၅ ၉။ တေးဂီတအစီအစဉ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သီရိဂေဟာ
၁၉:၀၀ ၁၃။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်(ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး)(ပညာရှင်အဆင့်)(အမျိုးသမီး)
၁၉:၁၀ ၁၄။ **"မျှော်လင့်ခြင်းများစွာ၏ ရင်ခုန်သံ(၂)"**
၁၉:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း–၁၅)
၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း–၁၁)
၂၀။ နောက်တစ်နေ့အစီအစဉ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇–၈–၂၀၀၆
(ကြာသပတေးနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ယနေ့သိပ္ပံနှင့် နည်းပညာ
၇:၁၅ တေးဂီတအစီအစဉ်
၇:၂၀ ပြည်တွင်းသတင်းအကျဉ်း
၇:၃၀ ကမ္ဘာ့ဂီတရဲ့အနွယ် International Music Festival
၇:၅၀ မိုးလေဝသခန့်မှန်းချက်
၇:၅၅ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာသွန်းနေစိုးနှင့်တွေ့ဆုံခြင်း)
၈:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၈:၁၅ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
၈:၃၀ တေးဂီတအစီအစဉ်
၈:၃၅ Music Talk (ဆုရည်)
၉:၁၀ ပြည်တွင်းသတင်းအကျဉ်း
၉:၂၀ အနုပညာရပ်ဝန်းမှပွဲတင်သံများ (မြတ်ဝင်းထိန်နှင့် နန်းတို့၏ ရွှေရတုပန်းချီပြပွဲ)
၉:၄၀ တေးဂီတအစီအစဉ်
၉:၄၅ ဆီထွက်သီးနှံများထဲမှ ဆီအုန်း
၉:၅၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀ ကုသမနေး တီဘီဆေး(ရာဇာနေဝင်း၊ သုမောင်၊ ညီကျော်၊ မတူး)(ဒါရိုက်တာ ပန်းချီစိုးမိုး)
၁၀:၁၅ အစဉ်အလာကောင်းမည့် ရေလှောင်တမံ 'ခပေါင်း'
၁၀:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀ အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ (သီဟကျော်စိုး)
၁၁:၀၅ တေးဂီတအစီအစဉ်
၁၁:၁၀ သွေးပြန်ကြောအားနည်းရောဂါ အကြောင်းသိကောင်းစရာ (အပိုင်း–၂) (ဒေါက်တာခင်မောင်အေး)
၁၁:၂၅ တေးဂီတအစီအစဉ်
၁၁:၃၀ မြန်မာရုပ်ရှင်ပွဲတော် (ဇန်ကောက်)
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားသို့ တက်ရောက်ကြသော သံအမတ်ကြီးများ၊ သတင်းစာဆရာများအား ဂုဏ်ပြုညစာစားပွဲ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားနှင့် သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၆)သို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေါင်းဆောင်နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဩဂုတ် ၁၄ ရက် ည ၇ နာရီတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အားပေးချီးမြှင့်သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း တက်ရောက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဂုဏ်ပြုညစာစားပွဲတွင် ဧည့်ခံဖျော်ဖြေကြသော ပြည်နယ် ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဧည့်ခံဖျော်ဖြေ

ညစာစားပွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် အနုပညာရှင်များက ရိုးရာယဉ်ကျေးမှု အဆို အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဧည့်ခံဖျော်ဖြေကြသော ပြည်နယ် ရိုးရာယဉ်ကျေးမှု အဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ ကျိုင်းတုံမြို့၌ ဒေသဖွံ့ဖြိုးတိုးတက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် ဩဂုတ် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ ဖျက်ဆီးပွဲနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၆)သို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေါင်းဆောင်နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany ဦးဆောင်သော နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ကုလသမဂ္ဂ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတားဆီးရေး (UNAIDS)၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)နှင့် မူးယစ်ဆေးဝါးတားဆီးရေး အေဂျင်စီ (DEA)တို့မှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်များနှင့် ပြည်တွင်းရှိ မဂ္ဂဇင်းနှင့် ဂျာနယ်တိုက်တို့မှ စာတည်းအဖွဲ့ဝင်များသည် ဩဂုတ် ၁၄ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် နံနက် ၁၁ နာရီတွင် ကျိုင်းတုံ–မိုင်းလားလမ်းရှိ အစိုးရကွန်ပျူတာကောလိပ်(ကျိုင်းတုံ)သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ခေတ္တကျောင်းအုပ် ဒေါ်သီတာဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ရှေးဦးစွာ လေ့လာရေးအဖွဲ့ဝင်များအား ခေတ္တကျောင်းအုပ် ဒေါ်သီတာဝင်းက ကွန်ပျူတာကောလိပ်ကို ၂၀၀၁ ခုနှစ် မတ် ၁၉ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိ သုံးထပ်ပင်မဆောင်၊ စာသင်ဆောင်များ၊ ကျောင်းသား ကျောင်းသူဆောင်များနှင့် ဆရာ ဆရာမဆောင်များကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် တည်ဆောက်ပြီးစီး အသုံးပြုနေမှု၊ ဆရာ ဆရာမ ၂၆ ဦးတို့ဖြင့် ကျောင်းသား ကျောင်းသူ ၃၂၁ ဦးတို့အား ကွန်ပျူတာသိပ္ပံ၊ ကွန်ပျူတာသိပ္ပံ(ဂုဏ်ထူးတန်း)၊ ဘွဲ့လွန်ကွန်ပျူတာသိပ္ပံ ဒီပလိုမာ၊ ဘွဲ့လွန်ကွန်ပျူတာအသုံးချ ဒီပလိုမာသင်တန်းများနှင့် ကွန်ပျူတာအသုံးချသင်တန်းများ သင်ကြားပို့ချနေမှုအခြေအနေ၊ ရုံးလုပ်ငန်းသုံး ကွန်ပျူတာကျွမ်းကျင်မှုသင်တန်းမှ ဘွဲ့လွန်ကွန်ပျူတာ သိပ္ပံဒီပလိုမာနှင့် ဘွဲ့လွန် ကွန်ပျူတာအသုံးချဒီပလိုမာအထိ ဘွဲ့၊ ဒီပလိုမာနှင့် အသိအမှတ်ပြု လက်မှတ်ရ သင်တန်းသား သင်တန်းသူ ၅၇၉ ဦးတို့ မွေးထုတ်ပေးနိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ ခေတ္တကျောင်းအုပ်နှင့် ဆရာ ဆရာမများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ကြိုဆိုနှုတ်ဆက်

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ကျိုင်းတုံ–လွိုင်မွေလမ်း၏ ဝမ်မိုင်ရွာအနီးရှိ အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ)သို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာရန်အောင်ဦးနှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များအား ခေတ္တ ကျောင်းအုပ်ကြီးက အစိုးရနည်းပညာကောလိပ် (ကျိုင်းတုံ)ကို ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် မူလစက်မှုလက်မှုသိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် နည်းပညာကောလိပ်အဖြစ် အဆင့်မြှင့်တင်ခဲ့မှု၊ လက်ရှိ သုံးထပ်ပင်မဆောင်ကို ၂၀၀၅ ခုနှစ် ဇွန် ၁၆ ရက်တွင် ဆောက်လုပ်ပြီးစီး၍ အသုံးပြုခဲ့မှု၊ B.E နှင့် B. Tech သင်တန်းများတွင် မြို့ပြ၊ လျှပ်စစ်စွမ်းအားနှင့် စက်မှုအင်ဂျင်နီယာ သင်တန်းများ၊ အခြေခံ အင်ဂျင်နီယာ သင်တန်း Module I နှင့် Module II သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ သင်ကြားရေးနှင့် စီမံရေး ဝန်ထမ်း ၇၃ ဦးတို့ဖြင့် ကျောင်းသား ကျောင်းသူ ၂၀၀ တို့အား သင်ကြားပို့ချနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

မေးမြန်းလေ့လာ

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် စာသင်ခန်း၌ ပညာဆည်းပူးနေကြသော ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ ပညာသင်ယူနေမှု၊သင်ယူတတ်သိနားလည်မှု အခြေအနေများကို မေးမြန်းလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ကျိုင်းတုံမြို့ ပတ်ဝန်းကျင်ဒေသတို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြောကြား

ညနေပိုင်းတွင် လေ့လာရေးအဖွဲ့ဝင်များသည် ကျိုင်းတုံ ဒီဂရီကောလိပ်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ဒုတိယကျောင်းအုပ်ကြီး ဦးချစ်ဆွေနှင့် ပညာရေးဝန်ထမ်းများက ကြိုဆိုကြပြီး ဒုတိယကျောင်းအုပ်ကြီးက ကျိုင်းတုံ ဒီဂရီကောလိပ်ကို ၂၀၀၁ ခုနှစ် ဇူလိုင် ၁၀ ရက်မှစတင်၍ ဒီဂရီကောလိပ်အဖြစ် အဆင့်မြှင့် ဖွင့်လှစ်ခဲ့မှုအခြေအနေ၊ သင်ကြားပေးနေသော အထူးပြုဘာသာရပ်များ၊ ဘွဲ့ကြိုကျောင်းသား ကျောင်းသူ ၃၉၄ ဦး၊ ဂုဏ်ထူးတန်း သုံးဦး၊ အဝေးသင် ကျောင်းသား ကျောင်းသူ ၁၃၉၅ ဦး စုစုပေါင်း ၁၇၉၂ ဦးတို့အား အထူးပြုဘာသာရပ် ၁၈ ခုတို့အတွက် သင်ကြားရေးနှင့် စီမံရေးဝန်ထမ်းအင်အား ၁၄၁ ဦးတို့ဖြင့် သင်ကြားပို့ချနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းကြရာ ဒုတိယ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့သည် နိုင်ငံတော်က ဖော်ဆောင်ပေးနေသော အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု စီမံကိန်း၌ တစ်ခုအပါအဝင်ဖြစ်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ အထူးဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတို့ကြောင့် အစိုးရကွန်ပျူတာကောလိပ်၊ အစိုးရနည်းပညာကောလိပ်နှင့်ဒီဂရီကောလိပ်များကို ခံ့ညားထည်ဝါသောအဆောက်အအုံများဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး ဒေသခံတိုင်းရင်းသား လူငယ်များအား ဖွံ့ဖြိုးတိုးတက်သော လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ဒေသအတွင်းမှာပင် ပြုစုပျိုးထောင်နိုင်လျက်ရှိသည်။ ထို့အပြင် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးကိုလည်း အဆင့်မြှင့်တင်တည်ဆောက်၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေါင်းဆောင်နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany ဦးဆောင်သော သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများက အစိုးရနည်းပညာကောလိပ်(ကျိုင်းတုံ)တွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံဆွေးနွေးမေးမြန်းစဉ်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးပပျောက်ရေး ခိုင်မာသည့် အမျိုးသားရေးရည်မှန်းချက်ဖြင့် ဦးတည်ချက်ချမှတ်ဆောင်ရွက်နေ
မြန်မာ့မြေပေါ်မှ အပြီးတိုင်ပျောက်ကွယ်စေရမည်ဆိုသောခံယူချက်ဖြင့် နိုင်ငံတကာကသိအောင်ကြေညာ
မိတ်ဆွေနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီးတိုက်ဖျက်မည်ဖြစ်သည်
အမျိုးသားရေးပန်းတိုင် သတ်မှတ် အချိန်အတိုင်းအတာတစ်ခုမှာ မလွဲကေန်ရောက်ရှိမည်ဟု ယုံကြည်

ရန်ကုန် ဩဂုတ် ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ်မြောက် မီးရှို့ဖျက်ဆီးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၏ ရှင်းလင်းတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

ဧည့်သည်တော်ကြီးများနဲ့ သတင်းစာဆရာကြီးများ ခင်ဗျား–

ယနေ့ဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့မှာ ဒီနှစ်အတွင်း ဒုတိယအကြိမ်ပြုလုပ်တဲ့ မူးယစ်ဆေးဝါး မီးရှို့ဖျက်ဆီးပွဲဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းတွေကို စွမ်းအားပြည့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နေတာကြောင့် အောင်မြင်မှုတွေ စဉ်ဆက်မပြတ် ရရှိနေကြောင်း သတင်းစာဆရာကြီးများ၊ သံတမန်များ၊ ပြည်တွင်း ပြည်ပနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကြားမှာ အမှန်အတိုင်းမြင်တွေ့သိရှိစေဖို့အတွက် အခုလိုဖိတ်ခေါ်ရှင်းလင်းတင်ပြရခြင်းပဲ ဖြစ်ပါတယ်။

အကျယ်တဝင့်ရှင်းလင်းတင်ပြ

၂၀၀၆ ခုနှစ် ဧပြီလ ၂၆ ရက်နေ့က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့မှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆)၊ ၂၀၀၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့ ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်မှာ ပြုလုပ်ခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိမ်(၂၀)မြောက် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးတဲ့ အခမ်းအနား၊ ၂၀၀၆ ခုနှစ် ဇူလိုင်လ ၁၆ရက်နေ့ လဲချားမှာပြုလုပ်ခဲ့တဲ့ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများ၊ ပဥ္စမ

အကြိမ်မြောက် မီးရှို့ဖျက်ဆီးတဲ့ အခမ်းအနားနဲ့ သတင်းစာရှင်းလင်းပွဲ (၅/၂၀၀၆)တို့မှာ ပြည်သူလူထုရဲ့ ထောက်ခံကူညီမှု၊ နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်မှုတွေကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ် အောင်မြင်မှုရရှိနေတဲ့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို အကျယ်တဝင့် ရှင်းလင်းတင်ပြခဲ့ပြီးလဲ ဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများ ခင်ဗျား–

ဒီနေ့အခမ်းအနားမှာ ၂၀၀၆ ခုနှစ် မေလနဲ့ ဇွန်လက ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့တဲ့ မူးယစ်ဆေးဝါးဖြစ်စဉ်လေးခုကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်များအရ နိုင်ငံတော်ရဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးမှာ ဒေသခံပြည်သူလူထုရဲ့ အားပေးကူညီမှု၊ တိုင်းရင်းသား အဖွဲ့အစည်းတွေရဲ့ ပူးပေါင်းပါဝင်မှုများကြောင့် အောင်မြင်မှုရရှိခဲ့ပုံကို တွေ့ရှိကြရမှာ ဖြစ်ပါတယ်။

ပထမဖြစ်စဉ်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ခမ်းပါဒေသအတွင်း SSA-S အကြမ်းဖက် သောင်းကျန်းသူ ရွက်ဆစ်အဖွဲ့ရဲ့ ဘိန်းချက်စခန်းနှစ်ခုမှာ တရုတ်လူမျိုး ကျားပေါက်နဲ့ လီရှောလူမျိုး ဖိုးနီတို့ဦးစီးပြီး မူးယစ်ဆေးဝါးတွေ ထုတ်လုပ်နေတယ်ဆိုတာကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)က မေလ၂၅ရက်နေ့မှာ စတင်သတင်းရရှိခဲ့တဲ့ ဖြစ်စဉ်ဖြစ်ပါတယ်။

အောင်မြင်စွာသိမ်းပိုက်နိုင်

ရရှိသတင်းများအရ မေလ ၃၀ ရက်နေ့ နံနက် ၁၀ နာရီခွဲမှာ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)မှ အင်အား ၅၀၀ခန့်ဟာ ပစ်မှတ်နေရာများကို ရှင်းလင်းဖို့ ထွက်ခွာခဲ့ကြပါတယ်။ မေလ ၃၁ရက်နေ့ နံနက်၁၁နာရီခွဲမှာတော့ ပစ်မှတ်ဘိန်းချက်စခန်းများကို ဝိုင်းရံပိတ်ဆို့တိုက်ခိုက်ခဲ့ပါတယ်။ ဘိန်းချက်စခန်းတစ်ခုစီမှာ တစ်နှစ်စာရိက္ခာ သိုလှောင်ထားပြီး SSA-S တပ်ဖွဲ့ဝင် အင်အား ၅၀ခန့်စီနဲ့ လုံခြုံရေးယူထားကြတာဖြစ်လို့ ထိတွေ့မှုဖြစ်ခဲ့ပြီး ဘိန်းချက်စခန်းနှစ်ခုစလုံးကို အဲဒီနေ့ မွန်းလွဲ ၁၂ နာရီ၁၀ မိနစ်မှာ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ပါတယ်။ SSA-S ဘက်မှ ကျဆုံးသူ၂၀(အလောင်းရ)ရှိခဲ့ပြီး လက်နက်မျိုးစုံ ၁၅လက်၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရာမှာ အသုံးပြုတဲ့ ဓာတုဗေဒပစ္စည်းအမြောက်အမြားကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။ဘိန်းချက် စခန်းနေရာများဟာ SSA-S အကြမ်းဖက်

သတင်းစာ ရှင်းလင်းပွဲ (၆/၂၀၀၆) တွင် SSA-S ရွက်ဆစ်၏ခမ်းပါဒေသ ဘိန်းချက် စခန်းနှစ်ခုအား သိမ်းပိုက်မှု မှတ်တမ်းဓာတ်ပုံများ အပါအဝင် မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

(သတင်းစဉ်)

သောင်းကျန်းသူ ရွက်ဆစ်ရဲ့ လွယ်တိုင်းလျှံစခန်းနဲ့ ခြေကျင်ခရီး သုံးနာရီခန့် အကွာအဝေးမှာရှိပြီး အနီးဆုံးကာကင်းစခန်းကတော့ ခြေကျင်ခရီး တစ်နာရီခွဲခန့်သာ ဝေးပါတယ်။ဆက်လက်ပြီး ဇွန်လ ၃ ရက်နေ့မှာလဲ ဘိန်းချက်စခန်းအနီး ပတ်ဝန်းကျင်ကို ရှင်းလင်းတဲ့အခါ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း၊ ဘိန်းစိမ်း ကီလို ၅၂၀ နဲ့ ဓာတုဗေဒပစ္စည်း အမြောက်အမြားကို ထပ်မံဖော်ထုတ် သိမ်းဆည်းနိုင်ခဲ့ပါတယ်။

ထပ်မံရှာဖွေတွေ့ရှိ

ဒါ့အပြင် ဇွန်လ ၁၅ ရက်နေ့မှာလဲ ဘိန်းချက်စခန်းအနီးမှာရှိတဲ့ ပြောင်းဖူးစိုက်ခင်းများအတွင်းမှ စိတ်ကြွဆေးပြား တစ်သိန်း၊ ဓာတုဗေဒပစ္စည်းများနဲ့ မူးယစ်ဆေးဝါး ချက်လုပ်တဲ့နေရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်းများကို ထပ်မံရှာဖွေတွေ့ရှိခဲ့ပါတယ်။

အဲဒီ ခမ်းပါဒေသ SSA-S ရဲ့ ဘိန်းချက်စခန်းနှစ်ခုကနေ သိမ်းဆည်းရမိတဲ့ လက်နက်ခဲယမ်းတွေကတော့ အမ်–၁၆ သေနတ် ငါးလက်၊ အေကေ–၄၇ သေနတ် ခြောက်လက်၊ ပွိုင့်–၃၅၇ ခြောက်လုံးပြူးသေနတ် တစ်လက်၊ တစ်လုံးထိုး ပြောင်းရှည်သေနတ် တစ်လက်၊ တူမီးသေနတ် နှစ်လက် စုစုပေါင်း ၁၅ လက်ဖြစ်ပြီး လက်ပစ်ဗုံးသုံးလုံးနဲ့ ကျည်မျိုးစုံ ၅၈၂ တောင့်တို့ဖြစ်ပါတယ်။

သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကတော့ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း၊ Rစာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်း၊ ဘိန်းဖြူ ၁၄ ဒသမ ၈၅ ကီလို၊ ဘိန်းညိုမှုန့် လေးကီလို၊ ဘိန်းဖြူအဆင့်(၃) ၉ ဒသမ ၇ကီလို၊ နှစ်ချို့ဘိန်းမည်း ၁၄၅ကီလို၊ ဘိန်းခဲအမှုန့် ရှစ်ကီလိုနဲ့ ဘိန်းမည်း ၇၆၆ ကီလို ဖြစ်ပါတယ်။

သိမ်းဆည်းရမိ ဓာတုဗေဒပစ္စည်းများကတော့ ကဖင်းအမှုန့် ၅၄၅ ကီလို၊ အမိုးနီးယား ၁၈၆ ကီလို၊ အရိုးမီးသွေး ၇၄ ကီလို၊ အီသိုင်းအယ်လ်ကိုဟော ၆၂၃၆ လစ်တာ၊ အဝါရောင် အခဲ ၁၄၁၉ ကီလို၊ အဝါရောင်အမှုန့် ကီလို ၆၀၊ ထုံး ကီလို ၇၄၀၊ အက်ဖီဒရင်း ကီလို၃၈၀၊ ဖီနိုင်းအက်စစ်တစ်အက်စစ် ၁၁၅ကီလိုနဲ့ အက်စစ်တစ်အင်ဟိုက်ဒြိုက် ၁၀၀၁ လစ်တာ တို့ဖြစ်ပါတယ်။

ခိုင်မာတဲ့ရပ်တည်ချက်

ဒါ့အပြင် မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ကြွေရည်သုတ်ဇလုံတွေ၊ သံဆန်ခါတွေ၊ သံပီပါတွေ၊ ဖန်ပေါင်းချောင်တွေ၊ ဇလားတွေ၊ ချိန်ခွင်တွေ၊ လေမှုတ်စက်တွေ စတဲ့ ဆက်စပ်ပစ္စည်းအများအပြားကိုလဲ သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများရဲ့ တန်ဖိုးဟာ အမေရိကန်ဒေါ်လာ ၄၁၆ သန်း တန်ဖိုးနဲ့

ညီမျှတဲ့ မြန်မာကျပ်ငွေ ၅ဒသမ၇ ဘီလီယံဖိုးရှိကြောင်း သိရှိရပါတယ်။ ဒီဖြစ်စဉ်ဟာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေ အပေါ် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)ရဲ့ ခိုင်မာတဲ့ရပ်တည်ချက် ပြယုဂ်တစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများ ခင်ဗျား–

မူးယစ်ဆေးဝါးမှုခင်းတွေကို ဖော်ထုတ်ရာမှာ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်တွေဟာ မူးယစ်ဆေးဝါးရဲ့ ဆိုးရွား

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

လှတဲ့ အန္တရာယ်များကို ပြည်သူများအကြား အသိပညာပေးစည်းရုံးပြီး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးဆိုင်ရာ သတင်းများကို ရယူစုဆောင်း ဆောင်ရွက်ခဲ့တဲ့ ဒုတိယဖြစ်စဉ်ကို ဆက်လက်တင်ပြလိုပါတယ်။

ဒီဖြစ်စဉ်မှာ တာဝန်သိဒေသခံပြည်သူလူထုရဲ့ သတင်းပေးမှုများကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အထူးဒေသ(၄) ဆွတ်လွှေဆိပ်ကမ်းနဲ့ ငါးမိုင်ခန့်အကွာမှာ ဘိန်းဖြူများ သယ်ဆောင်လာကြောင်း သိရှိခဲ့ရပါတယ်။ ရရှိသတင်းအရ တပ်ဖွဲ့ဝင်များက ၂၀၀၆ခုနှစ် မေလ ၁၀ရက် နံနက် ၉ နာရီခွဲမှာ ကြိုတင်တပ်ဖျောက်အသင့်စောင့်ဆိုင်း ဖမ်းဆီးခဲ့ရာ ဘိန်းဖြူဘလောက်တုံး ၄၈ တုံး အလေးချိန် ၁၆ ကီလိုနဲ့ ဂြိုဟ်တုဖုန်း တစ်လုံး၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပါတယ်။ အဲဒီဘိန်းဖြူ ဘလောက်တုံးတွေကို ရန်အားဖာဆိုသူနဲ့ အပေါင်းပါ သုံးဦးတို့က အခကြေးငွေယူပြီး မိုင်းဖျန်ကနေ ဆွတ်လွှေဆိပ်ကမ်းကို သယ်ဆောင်လာကြောင်း စစ်ဆေးပေါ်ပေါက်တဲ့အတွက် ဥပဒေအရ အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ ဖမ်းဆီးရမိတဲ့ အဲဒီဘိန်းဖြူ ဘလောက်တုံးတွေရဲ့ တန်ဖိုးဟာ မြန်မာကျပ်ငွေ ၁ ဒသမ ၂၈ ဘီလီယံရှိပြီး အမေရိကန်ဒေါ်လာ ၂ သန်းဖိုးခန့်ရှိပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများ ခင်ဗျား–

တတိယဖြစ်စဉ်အနေနဲ့ ပြည်သူလူထုရဲ့သတင်းပေးကူညီမှုကြောင့် မိုင်းပျင်းဘက်မှာ စိတ်ကြွဆေးပြား ခြောက်သိန်း ဖမ်းဆီးရမိမှုဖြစ်စဉ်ကို တစ်ဆက်တည်းတင်ပြပါမယ်။

ဒီဖြစ်စဉ်ကတော့ ၂၀၀၆ခုနှစ် မေလ ၂၈ရက်နေ့မှာ အိုက်ဆန်း အပါအဝင် ၁၅ ဦးဟာ မော်တော်ယာဉ်နှစ်စီးနဲ့ မူးယစ်ဆေးဝါးတွေ သယ်ဆောင်ပြီး မိုင်းညှင်း–နောင်ချို–မိုင်းပျင်း ခရီးစဉ်အတိုင်း ဟိုပန်–ဟိုရွက်ကို ထွက်ခွာလာကြောင်း သတင်းရရှိခဲ့ပါတယ်။ ဒါ့ကြောင့် မေလ ၂၉ရက်နေ့နံနက် ၁၀ နာရီခွဲ အိုက်ဆန်းတို့အဖွဲ့ မိုင်းပျင်းမြို့ကို အရောက်မှာ မူးယစ်လူပ်ရှားအဖွဲ့၊ သတင်းတပ်ဖွဲ့နဲ့ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်တွေက သက်သေများရဲ့ရှေ့မှာ အဲဒီအဖွဲ့ကို ရှာဖွေစစ်ဆေးခဲ့ပါတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

❒ ကျောဖုံးမှ

လူသစ်စုဆောင်းမှု စတဲ့ အကြမ်းဖက် အဖျက်လုပ်ရပ်တွေကို ဖြည့်စွက်ပြောကြားသွားမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပင် နိုင်ငံတော်နဲ့ ငြိမ်းချမ်းရေးတည်ဆောက်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ထားတဲ့ 'ဝ' တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ရဲ့မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေး အားထုတ်ကြိုးပမ်းမှုများနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုတွေကိုပါ ဆက်စပ်ရှင်းလင်းပြောကြား အသိပေးသွားမှာ ဖြစ်ပါတယ်။

သံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား–

ဒီကျိုင်းတုံမြို့မှာပဲ ပြီးခဲ့တဲ့ ဧပြီလက ကျင်းပခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ (၄/၂၀၀၆)မှာ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးပြစ်မှုတွေကို ပြည်တွင်းပြည်ပဂိုဏ်းဖွဲ့ပြီး ကျူးလွန်နေသူတွေဟာ SSA-S ရွက်ဆစ်အဖွဲ့နဲ့ အပေါင်းပါ အကြမ်းဖက် အဖျက်သမားတွေသာဖြစ်ကြောင်း၊ အဲဒီ ဘိန်းမှောင်ခိုမူးယစ်ရာဇာတွေဟာ မူးယစ်ဆေးဝါးနဲ့ ဆက်နွှယ်ပြီး လက်နက်မှောင်ခိုရောင်းဝယ်မှုတွေ၊ အကြမ်းဖက်မှုတွေကိုပါ ပြုလုပ်နေတာဖြစ်ကြောင်း သက်သေအထောက်အထားများနဲ့တကွ ရှင်းလင်းတင်ပြခဲ့ပါတယ်။

အလားတူပဲ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့မှာ ကျင်းပခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၆)နဲ့ (၂/၂၀၀၆)တို့မှာလဲ သတင်းစာဆရာကြီးများရဲ့ မေးမြန်းချက်တွေအရ SSA-S ရွက်ဆစ်အဖွဲ့မှ လက်နက်ချအလင်းဝင်လာသူတွေ၊ အဖမ်းခံရသူတွေကိုယ်တိုင်က ရွက်ဆစ်ဟာ လမ်းပန်းဆက်သွယ်မှု အလှမ်းဝေးတဲ့ နယ်မြေတွေမှာ ဒေသခံတိုင်းရင်းသားတွေကို ဘိန်းစိုက်ပျိုးစေပြီး ဘိန်းခွန်များ ကောက်ခံနေကြောင်း၊ ထွက်ရှိတဲ့ ဘိန်းအားလုံးကိုလဲ သူတို့အဖွဲ့ကသာ ချုပ်ကိုင်ဝယ်ယူကြောင်း၊ အဲဒီဘိန်းတွေနဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်ပြီး ရောင်းချနေတာဖြစ်ကြောင်း ထုတ်ဖော်ဖွင့်ဟ ပြောကြားခဲ့ကြပါတယ်။

ထို့အတူပဲ ရှမ်းပြည်နယ်(တောင်ပိုင်း)လဲချားမြို့မှာ ပြီးခဲ့တဲ့ ဇူလိုင်လက ကျင်းပခဲ့တဲ့ သတင်းစာရှင်းလင်းပွဲ(၅/၂၀၀၆)မှာလဲ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တဲ့ SSA-S တပ်မဟာ (၇၅၈)မှအဖွဲ့ဝင်တွေက ရွက်ဆစ်ဟာ တပ်ဖွဲ့ဝင်တွေကို မူးယစ်ဆေးဝါးနှင့် လုံးဝပတ်သက်မှု မရှိစေရလို့ တစ်ဖက်က လူကြားကောင်းအောင် အမိန့်ထုတ်ထားပြီး အခြားတစ်ဖက်ကတော့ ဘိန်းစိုက်ပျိုးမှု၊ ဘိန်းခွန်ကောက်ခံမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုတွေကို ကိုယ်တိုင်ကိုယ်ကျ ကျူးလွန်နေကြောင်း။

ရွက်ဆစ်ဟာ ၁၉၉၆–၉၇ခုနှစ်မှာ ဘိန်းချက်လုပ်ငန်းတွေကို မိုင်းကိုင်မြို့နယ် ကတ်ဖွီးရွာအနီးနဲ့ နမ့်ပန်ချောင်းဘေးမှာလည်းကောင်း၊ နောက်ပိုင်းမှာ နယ်စပ်ဒေသတစ်ဝိုက်မှာလည်းကောင်း လုပ်ကိုင်ခဲ့ကြောင်း၊ ၂၀၀၁ခုနှစ်အတွင်းမှာ ရွက်ဆစ်ရဲ့ ညီအရင်းဖြစ်တဲ့ စောပေတဟာ ရာမမြင်းဆေး ကျောပိုးအိတ် အလုံး၈၀ကို မိုင်းရှူးခွင်ထဲမှ လွယ်တိုင်းလျှံသို့ သယ်ဆောင်သွားခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်မှာ ရွက်ဆစ်ဟာ စိုင်းပန်းဦးစီးတဲ့ လူငယ် ၁၅ ဦးကို ငွေပေးပြီး လွိုင်လန်းကနေ ထိုင်းနိုင်ငံထဲသို့ မူးယစ်ဆေးဝါးတွေ သယ်ခိုင်းခဲ့ရာ ထိုင်းတပ်ဖွဲ့နဲ့တိုးပြီး ၁၃ ဦးသေဆုံးခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ် မတ်လမှာလဲ ရွက်ဆစ်ရဲ့ သက်တော်စောင့်လူယုံဖြစ်တဲ့ စိုင်းထွန်းဟာ ဘိန်းဖြူ ၁၇၄ ကီလို သယ်ယူရောင်းချစဉ် ထိုင်းရဲအဖွဲ့ရဲ့ ဖမ်းဆီးမှုကို ခံခဲ့ရကြောင်း ရှင်းလင်းပြောကြားခဲ့ကြပါတယ်။

အဲဒီလို SSA-S ရွက်ဆစ်ရဲ့ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှုလုပ်ရပ်တွေကို ပြည်တွင်းပြည်ပမှ ဖမ်းဆီးရမိတဲ့ လူသက်သေ၊ ပစ္စည်းသက်သေအထောက်အထားတွေနဲ့တကွ သံတမန်များနဲ့ သတင်းစာဆရာကြီးများရဲ့ ရှေ့မှောက်မှာ ကြိမ်ဖန်များစွာ ရှင်းလင်းတင်ပြခဲ့သလို နိုင်ငံတကာမှ သိရှိအောင်လဲ လူထုဆက်သွယ်ရေး နည်းလမ်းတွေနဲ့ ဖော်ပြခဲ့ပါတယ်။ ဒါပေမယ့် အနောက်ဆရာကြီးနဲ့ လက်ပါးစေတွေ၊ လက်ဝေခံ အဖျက်သမားတွေကတော့ ကျား၊ ကျား–မီးယပ်ပဲဆိုသလို ရွက်ဆစ်ရဲ့ကျူးလွန်မှုတွေကို မျက်ကွယ်ပြုပြီး နိုင်ငံတော်အစိုးရနဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကိုသာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်နေသယောင် လက်ညှိုးထိုးအပြစ်လွှဲချနေကြပါတယ်။

'ဝ'ဒေသဘိန်းစိုက်ပျိုးထုတ်လုပ်မှု လုံးဝကင်းစင်

ဒေသခံ'ဝ'တိုင်းရင်းသားခေါင်းဆောင်တွေဟာ SSA-S ရွက်ဆစ်ရဲ့ မလိမ့်တပတ်လုပ်ရပ်ကြောင့် အများရဲ့အမြင်မှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်နေသယောင် အထင်လွဲမှုကို ခါးသီးစွာခံစားနေရသူတွေဖြစ်။ နိုင်ငံတော်က အခြားငြိမ်းချမ်းရေးအဖွဲ့တွေနည်းတူ ၎င်းတို့ကိုလဲ အားပေးကူညီနေတဲ့အလျောက် 'ဝ'တိုင်းရင်းသားများဟာ ၂၀၀၅ခုနှစ်မှာ ဒေသအတွင်းဘိန်းစိုက်ပျိုးထုတ်လုပ်မှု လုံးဝကင်းစင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့။

ယခုလို မဟုတ်မမှန်လုပ်ကြံပြီး လက်ညှိုးထိုးစွပ်စွဲနေသော်လဲ အမှန်တရားကို ကာလရှည်ကြာစွာ ဖုံးကွယ်ထားလို့ မရပါဘူး။ SSA-S ရွက်ဆစ်ရဲ့ မူးယစ်ဆေးဝါးပြစ်မှုတွေကတော့ ဆင်သေကို ဆိတ်ရေနဲ့ ဖုံးလို့မရသလို တစ်ခုပြီးတစ်ခု ပေါ်လာနေတာမို့ ဒီကနေ့မှာလဲ အားလုံးထပ်မံကြားသိမြင်တွေ့ကြရပြန်ပြီ ဖြစ်ပါတယ်။

သံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား–

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ခမ်းပါဒေသအတွင်း SSA-S ရွက်ဆစ်ရဲ့ ဘိန်းချက်စခန်းနှစ်ခုကို စုံစမ်းဖော်ထုတ်ပြီး တိုက်ခိုက်သိမ်းပိုက်ရရှိတဲ့ ဖြစ်စဉ်ကို ကြည့်ရင် ရွက်ဆစ်ဟာ ၎င်းရဲ့ ဘိန်းချက်စခန်းတွေကို လူသူကင်းဝေးရာ နယ်မြေတွေမှာ လျှို့ဝှက်၍လည်းကောင်း၊ ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ မနီးမဝေးနေရာတွေမှာ ပုံမှားရိုက်၍လည်းကောင်း လုပ်ဆောင်နေကြောင်း တွေ့ရှိနိုင်ပါတယ်။

ခမ်းပါဒေသမှာ ရွက်ဆစ်လျှို့ဝှက် ထုတ်လုပ်နေတဲ့ ဘိန်းချက်စခန်းနှစ်ခုဟာ တောင်များဝိုင်းရံနေတဲ့ ဒယ်အိုးပုံစံ လျှိုမြောင်ထဲမှာ ရှိပါတယ်။ ရွက်ဆစ်အဖွဲ့ အခြေပြုထားတဲ့ လွယ်တိုင်းလျှံစခန်းနဲ့ဆိုရင် ခြေကျင်ခရီး ၃ နာရီခန့်ပဲ ကွာဝေးပါတယ်။ လွယ်တိုင်းလျှံရဲ့ ရှေ့ကာကင်းစခန်းနဲ့ဆိုရင် ခြေကျင်ခရီး ၁ နာရီ ခွဲခန့်သာကွာဝေးပါတယ်။ ထို့အတူပဲ အဲဒီဒေသတစ်ဝိုက်မှာ လုံခြုံရေးတာဝန်ယူထားတဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ 'ဝ'တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ရဲ့ လက်ရင်းကိုလာကပ်ပြီး ပုံမှားရိုက်လုပ်ဆောင်နေတာ ဖြစ်ပါတယ်။

ဒေသခံ 'ဝ'တိုင်းရင်းသားခေါင်းဆောင်တွေဟာ SSA-S ရွက်ဆစ်ရဲ့ မလိမ့်တပတ်လုပ်ရပ်ကြောင့် အများရဲ့အမြင်မှာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်နေသယောင် အထင်လွဲမှုကို ခါးသီးစွာခံစားနေရသူတွေ ဖြစ်ပါတယ်။ နိုင်ငံတော်က အခြားငြိမ်းချမ်းရေးအဖွဲ့တွေနည်းတူ ၎င်းတို့ကိုလဲ အားပေးကူညီနေတဲ့အလျောက် 'ဝ'တိုင်းရင်းသားများဟာ ၂၀၀၅ ခုနှစ်မှာ ဒေသအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုလုံးဝကင်းစင်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါကြောင့်မို့ ရွက်ဆစ်ရဲ့ ခမ်းပါဒေသဘိန်းချက်စခန်းနှစ်ခု သတင်းကို စုံစမ်းရရှိတာနဲ့ တစ်ပြိုင်တည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် အသက်ပေးပြီး ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ကာ လက်ဆုပ်လက်ကိုင်နဲ့ တရားခံဘယ်သူလဲဆိုတာ ကမ္ဘာကိုသက်သေပြလိုက်တာပဲ ဖြစ်ပါတယ်။

ရွက်ဆစ်ရဲ့ ဘိန်းချက်စခန်းနှစ်ခုမှာ SSA-S ရွက်ဆစ်ရဲ့တပ်ဖွဲ့ဝင်အင်အား ၁၀၀ခန့်က လုံခြုံရေးယူထားတာ ဖြစ်ပါတယ်။ ဒါကြောင့်ဒီဖြစ်စဉ်မှာ မိနစ်၄၀ကြာမျှ အပြန်အလှန်တိုက်ပွဲဖြစ်ခဲ့ပါတယ်။ ဒီတိုက်ပွဲမှာ လက်နက် ၁၅လက်နဲ့အတူ ဘိန်းသောင်းကျန်းသူ ၂၀ သေဆုံးကျန်ရစ်ပြီး ကျန်တဲ့အဖွဲ့တွေကတော့ SSA-S လွယ်တိုင်းလျှံစခန်းဘက်ကို ဆုတ်ခွာထွက်ပြေးသွားကြပါတယ်။ အဲဒီ စခန်းနှစ်ခုမှာ တစ်နှစ်စာရိက္ခာသိုလှောင်ထားပြီး ဘိန်းညိုမှုန့်၊ ဘိန်းဖြူ၊ ဘိန်းဖြူအဆင့်(၃)၊ WY စာတန်းနဲ့ R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားတွေကို အမြောက်အမြား ထုတ်လုပ်နေတာတွေ့ရပါတယ်။ အဲဒီစခန်းတွေမှ သိမ်းဆည်းရမိခဲ့တဲ့ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းတွေကို မကြာခင်ကပဲ အားလုံးရဲ့ရှေ့မှောက်မှာ မီးရှို့ဖျက်ဆီးခဲ့ပြီးဖြစ်ပါတယ်။

သံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား–

နိုင်ငံတော်အစိုးရဟာ နိုင်ငံ့တာဝန်စတင်ယူခဲ့ရတဲ့ ၁၉၈၈ ခုနှစ်မှစပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ဦးစားပေးတည်ဆောက်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စိတ်ရင်းစေတနာမှန်နဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ကြိုးပမ်းဆောင်ရွက်မှုတွေကို ယုံကြည်သက်ဝင်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ ၁၉၈၉ ခုနှစ် မတ်လမှ စပြီးငြိမ်းချမ်းရေးရယူကာ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ကြပါတယ်။ အဲဒီအထဲမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၂) အဖွဲ့ဖြစ်တဲ့ "ဝ"တိုင်းရင်းသားအဖွဲ့လည်းပါဝင်ပါတယ်။

နိုင်ငံတော်က ငြိမ်းချမ်းရေးရရှိတဲ့ ဒေသတွေကိုအထူးဒေသတွေအဖြစ် သတ်မှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်နေပါတယ်။ ယနေ့အထိ ငွေကျပ်သန်းပေါင်း ၈၄၇၅၃ ဒသမ၃၃သန်း အထိ အကုန်အကျခံဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလဲ ယှဉ်တွဲဆောင်ရွက်နေပါတယ်။ ဒါ့ကြောင့်မို့ အဲဒီဒေသတွေရဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုဟာ တစ်နှစ်ထက် တစ်နှစ် သိသိသာသာလျော့နည်း ကျဆင်းလာပါတယ်။ ကိုးကန့်ဒေသဆိုရင် ၂၀၀၃ခုနှစ်မှစပြီး မူးယစ်ဆေးဝါးကင်းမဲ့ဇုန်အဖြစ် တရားဝင်ကြေညာနိုင်ခဲ့ပါတယ်။ 'ဝ'ဒေသမှာလဲ ၂၀၀၅ခုနှစ် ဇွန်လက ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

နိုင်ငံတော်က 'ဝ'ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်သန်းပေါင်း ၂၈၆၅ ဒသမ ၆၆ သန်းသုံးစွဲပြီး

စာမျက်နှာ ၇ ကော်လံ ၁ သို့



တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဆန်း(ပန်ခမ်း)မြို့ကို ဤသို့ ထည်ဝါစွာတွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

17-8 (06).p65 6 1/1/32, 1:44 PM

စာမျက်နှာ ၆ မှ

ဆောင်ရွက်ပေးခဲ့သလို ငွေသားနဲ့အထွေထွေ ပစ္စည်းကျပ် ၁၂၅၆ သန်းဖိုးကိုလဲ ထောက်ပံ့ပေးခဲ့ပါတယ်။ 'ဝ'ဒေသမှာ လမ်းမိုင်ပေါင်း ၉၀၀ နီးပါး အသစ်ဖောက်လုပ်ပေးထားပြီး လမ်းဟောင်းမိုင် ၁၀၀၀ခန့်ကို အဆင့်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ အဲဒီလမ်းတွေပေါ်မှာ တံတားကြီး ငါးစင်းနဲ့ တံတားငယ် ၄၃စင်းအသစ်တည်ဆောက်ပေးထားပါတယ်။ ဒေသပညာရေးမြှင့်တင်မှုအနေနဲ့ အခြေခံပညာကျောင်း ၅၈ ကျောင်း ဖွင့်လှစ်ပေးထားပါတယ်။ ဆေးရုံခြောက်ရုံ၊ ဆေးပေးခန်း ၁၁ ခန်း၊ ကျန်းမာရေးဌာနရှစ်ခု ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါတယ်။ ဒေသစိုက်ပျိုးမှုကို အထောက်အကူပြုဖို့အတွက် စိုက်ပျိုးရေးရုံး၊ ထွန်စက်စခန်းနဲ့ ပျိုးဥယျာဉ် တွေလဲဖွင့်လှစ်ပေးထားပါတယ်။ ဆည်နဲ့တူးမြောင်းတွေလဲ ဖောက်လုပ်ပေးထားပါတယ်။ မွေးမြူရေးခြံနဲ့ ရုံးတွေလဲ ဖွင့်လှစ်ဆောင်ရွက်ပေးနေပါတယ်။

'ဝ'ဒေသမှာ လျှပ်စစ်မီးလင်းတဲ့မြို့ ငါးမြို့ရှိနေပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်ရရှိတဲ့ ရွာတစ်ရွာနဲ့ မြို့တစ်မြို့ရှိပါတယ်။ စာတိုက်၊ ကြေးနန်းနဲ့ တယ်လီဖုန်းရုံးတွေဖွင့်လှစ်ပေးထားလို့ဆက်သွယ်မှုလွယ်ကူနေပါတယ်။ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ ငါးရုံကိုလဲ တည်ဆောက်ထုတ်လွှင့်ပေးနေပါတယ်။

'ဝ'တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကလဲ နိုင်ငံတော်အစိုးရနှင့် အတူလက်တွဲပြီး ဒေသလုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်မို့ 'ဝ'ဒေသဟာ ၁၉၈၈ ကာလမတိုင်မီကထက် တစ်မူထူးခြားစွာ ဖွံ့ဖြိုးတိုးတက်နေပါတယ်။ 'ဝ'ဒေသရဲ့ မျက်မှောက်ခေတ်

သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၆)သို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

SSA-S ရှက်ဆစ်၏ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုလုပ်ရပ်များကို အနောက်ဆရာကြီးနှင့် လက်ပါးစေအဖျက်သမားများက မျက်ကွယ်ပြု

ဖွံ့ဖြိုးတိုးတက်မှုတွေကို မျက်ဝါးထင်ထင် သွားရောက်ကြည့်ရှုလေ့လာနိုင်ဖို့ စီစဉ်ထားကြောင်းလဲ အသိပေးပြောကြားလိုပါတယ်။ 'ဝ'ဒေသမှ ပန်ဆန်းဟာ ယခင်ကရွာလေးတစ်ရွာ အဆင့်မျှသာရှိခဲ့ပါတယ်။ ယခုဆိုရင် မြို့ကြီးတစ်မြို့အဖြစ် တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်နေတာကို မကြာမီခရီးစဉ်မှာ မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

သံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား–

'ဝ'ဒေသရဲ့မူးယစ်ဆေးဝါးနဲ့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ပပျောက်ရေးအတွက်လဲ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ထောက်ပံ့ဆောင်ရွက်ပေး နေပါတယ်။ဘိန်းအစားထိုးနှစ်ရှည်သီးနှံစိုက်ပျိုးမှုအနေနဲ့ နမ့်တစ်မှာ ရော်ဘာဧက ၃၀၀၀၊ နှင်းသီးနဲ့လိုက်ချီးဧက၁၁၀၀ကျော်၊ပန်ဆန်းမှာ ရော်ဘာဧက ၄၀၀၀ စိုက်ပျိုးထားပါတယ်။

အဲဒီလုပ်ငန်းတွေ အကောင်အထည်ဖော်ရာမှာနိုင်ငံတကာအဖွဲ့အစည်းများဖြစ်တဲ့ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)စတဲ့အဖွဲ့တွေက ပူးပေါင်းကူညီဆောင်ရွက်ပေးပါတယ်။ 'ဝ'ဒေသအတွင်းမှာ ဖော်ပြပါအဖွဲ့တွေရဲ့ ရုံးများဖွင့်လှစ်ထားပါတယ်။ ရုံးဝန်ထမ်းနိုင်ငံခြားသားများဟာ ဒေသအခြေအနေကို နေ့စဉ်နဲ့အမျှ သိရှိနေကြပါတယ်။ ဒေသခံ တိုင်းရင်းသားတွေရဲ့ အားထုတ်ကြိုးပမ်းမှုကို သိရှိတာနဲ့အမျှ ပံ့ပိုးကူညီနေကြတာလဲဖြစ်ပါတယ်။

ထို့အတူပဲ ရန်ကုန်မြို့မှာရှိတဲ့ သံတမန်အချို့လဲ 'ဝ'ဒေသကို သွားရောက်ပြီး စူးစမ်းလေ့လာနေကြတာကို ကျွန်တော်တို့တွေ့ရှိနေရပါတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ 'ဝ'ဒေသအတွင်း မူးယစ်ဆေးဝါးပပျောက်ရေးနှင့်ဒေသဖွံ့ဖြိုးရေးအကူအညီပေးနေကြတဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနည်းတူ စေတနာရှေ့ထားပြီး အားပေးကူညီကြလိမ့်မယ်လို့ ကျွန်တော်တို့ယုံကြည့်ပါတယ်။မြန်မာနိုင်ငံရဲ့စည်းလုံးညီညွတ်မှု၊တည်ငြိမ်အေးချမ်းမှု၊ဖွံ့ဖြိုးတိုးတက်မှုကို ရေးရှူးတည်ဆောက်ရွက်နေတဲ့ လုပ်ငန်းအစီအစဉ်များကို အနှောင့်အယှက်မပြုဘဲ အဆင့်ပြေချောမွေ့အောင်လည်း ထောက်ခံအားပေးကြမယ်လို့ မျှော်လင့်ပါတယ်။

သံအမတ်ကြီးများနဲ့သတင်းစာဆရာကြီးများခင်ဗျား–

နိုင်ငံတော်က ၂၀၁၄ခုနှစ်ရောက်ရင် မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးလုံးဝပပျောက်စေရမယ်ဆိုတဲ့ မဟာဗျူဟာရည်မှန်းချက်နဲ့အညီ ထုတ်လုပ်မှုပပျောက်ရေး၊သုံးစွဲမှုပပျောက်ရေး၊တားဆီးနှိမ်နင်းရေး၊နယ်မြေလူထုအား စည်းရုံးဆောင်ရွက်ရေး၊နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ရေးစတဲ့လုပ်ငန်းတွေကို ဖော်ဆောင်ပေးလျက်ရှိပါတယ်။အဲဒီလိုဖော်ဆောင်ပေးနေရာမှာ 'ဝ'တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဟာ အခြားအဖွဲ့အစည်းများနည်းတူ နီးကြားတက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်နေကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။

ဒါပေမယ့် SSA-Sရှက်ဆစ်အဖွဲ့ကတော့ ပြည်နယ်ကောင်းစားရေးဗန်းပြမူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချ၊လက်နက်ကိုင်လမ်းစဉ်ကိုကျင့်သုံးပြီး အကြမ်းဖက်အဖျက်လုပ်ရပ်တွေကို လက်ရဲဇက်ရဲ ဆက်လက်ကျူးလွန်လျက်ရှိပါတယ်။ ၂၀၀၆ခုနှစ် မတ်လ နောက်ပိုင်းမှာ ရှက်ဆစ်အဖွဲ့ကကျူးလွန်ခဲ့တဲ့ အဖျက်လုပ်ရပ်တွေထဲမှ သာဓကအချို့ကို ဆက်လက်အသိပေးဖော်ပြရရင်–

၂၀၀၆ခုနှစ် ဧပြီလအတွင်းမှာ ထီးခမ်းကျေးရွာမှ ဦးမောင်စံအိမ်ကို ဓားပြတိုက်ပြီး ငွေကျပ်၁၀သိန်းနဲ့ဆိုင်ကယ်တစ်စီးကိုလည်းကောင်း၊ မိုင်းဆတ်–တာချီလိတ်လမ်းပေါ်မှာ ယာဉ်ခြောက်စီးကို ဓားပြတိုက်ပြီး ငွေသားနဲ့ရွှေထည်တန်ဖိုးကျပ်ရှစ်သိန်းကိုလည်းကောင်း လုယက်ယူဆောင်သွားခဲ့ကြပါတယ်။

ဇွန်လအတွင်းမှာ ဝမ်တုံကျေးရွာမှ ဆက်ကြေးငွေကျပ်သုံးသိန်း ခြိမ်းခြောက်တောင်းယူသွားသလို မူးယစ်ဆေးဝါးတွေကို အထမ်းသမား၁၀ဦးနဲ့ သယ်ဆောင်ပြီး လင်းခေ–မိုင်းပန်လမ်းကို ဖြတ်သွားခဲ့ကြောင်းလဲ သတင်းရရှိခဲ့ပါတယ်။

ဇူလိုင်လမှာ ကွန်ဟိန်းမြို့နယ် ဝမ်ပန်ရွာ အလှူပွဲကို လာရောက်ကြတဲ့ ရွာသား ၁၉ဦးကို အဓမ္မဖမ်းဆီးပြီး လူသစ်စုဆောင်းခဲ့သလို နယားလုံရွာ၊ ပုံတက်ရွာ၊ ကျရှဲရွာ၊ ဝမ်ယောက်ရွာ၊ ဝမ်ကပ်ရွာ၊ မိုင်းအင်းရွာနဲ့နမ့်ခွေးရွာစတဲ့ ရွာတွေမှ လူထုကို ခြိမ်းခြောက်ပြီး ဆက်ကြေးကောက်ယူခဲ့ပါတယ်။

ဇူလိုင်လအတွင်းမှာပဲ မိုင်းကိုင်ရွာမှ ဦးနံဖြားကို ပစ်သတ်ခဲ့ပါတယ်။ မုန်းဟိုင်းရွာမှ ရွာသားရှစ်ဦး၊ ခုံမုံရွာမှ ရွာသားနှစ်ဦးနဲ့ ဝမ်ကျူရွာမှ ရွာသားသုံးဦးတို့ကို အဓမ္မဖမ်းဆီးပြီး လူသစ်စုဆောင်းခဲ့ပါတယ်။

ဇွန်လထဲမှာ မိုင်းကိုင်မြို့ကို နှောင့်ယှက်ပစ်ခတ်ခဲ့ပြီး ဇူလိုင်လထဲမှာ မိုင်းယွန်းရွာကို နှောင့်ယှက်ပစ်ခတ်ခဲ့ပါတယ်။ တာချီလိတ်မြို့အတွင်း ဗုံးဖောက်ခွဲမှုတွေကိုလဲ ဇွန်လ ၂၈ရက်နဲ့ ဩဂုတ်လ ၄ ရက်နေ့တွေမှာ ပြုလုပ်ခဲ့ပါတယ်။

ရှက်ဆစ်အဖွဲ့ရဲ့ အဲဒီအကြမ်းဖက်အဖျက်လုပ်ရပ်တွေကို ကိုယ်တွေ့မျက်မြင်တွေ့ကြုံခံစားရတဲ့ ဒေသခံပြည်သူတွေက လာရောက်တိုင်ကြား သတင်းပို့ခဲ့ကြတာဖြစ်ပါတယ်။ သက်ဆိုင်ရာတာဝန်ရှိသူတွေကလဲ ပြည်သူတွေရဲ့ အကူအညီနဲ့ အဲဒီဖောက်ခွဲမှု တရားခံတွေကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

ဇွန်လ ၂၈ရက် တာချီလိတ်မြို့ နေမင်းစတိုးဆိုင်ရှေ့ ဗုံးခွဲမှုကို ရှက်ဆစ်အဖွဲ့မှ သောင်းကျန်းသူ လေးဦးနဲ့ ၎င်းတို့ရဲ့အမာခံ လေးဦး ပူးပေါင်း လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရပါတယ်။

ရှက်ဆစ်ဟာ တာချီလိတ်မြို့မှာ ခြိမ်းခြောက်ပြီး ဆက်ကြေးကောက်ဖို့နဲ့ လူသစ်စုဆောင်းဖို့အတွက် အမာခံတွေ မြုပ်နှံဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆက်ကြေးပေးဖို့ နေမင်းစတိုးကို ဖုန်းနှစ်ကြိမ်ဆက်ပြီး တောင်းပေမယ့် မပေးတာကြောင့် ဖောက်ခွဲရေးပစ္စည်းတွေကို တစ်ဖက်နိုင်ငံဘက်မှ ယူလာပြီး အခုလို ဖောက်ခွဲခဲ့တာဖြစ်ကြောင်း ဖမ်းမိထားတဲ့ SSA-S ရှက်ဆစ်ရဲ့ အမာခံလေးဦးက ဝန်ခံထွက်ဆိုချက်များ ပေးထားပါတယ်။

သံအမတ်ကြီးများနဲ့သတင်းစာဆရာကြီးများခင်ဗျား–

နိုင်ငံတော်အစိုးရဟာ 'ဝ'ဒေသအပါအဝင် ငြိမ်းချမ်းရေးအဖွဲ့တွေ အခြေချနေထိုင်ရာဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ဖော်ဆောင်ပေးနေပါတယ်။ ထို့အတူပဲ တစ်တိုင်းပြည်လုံး ဒေသအသီးသီး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လဲ ဖွံ့ဖြိုးရေးအထူးဒေသ (၂၄)ခု စီမံကိန်းကိုချမှတ်ဖော်ဆောင်ပေးနေပါတယ်။ အလားတူပဲ အခြေခံကျတဲ့ကျေးလက်များ ပြိုင်တူဖွံ့ဖြိုးတိုးတက်လာအောင်လဲ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ချမှတ်ဆောင်ရွက်ပေးနေကြောင်း အားလုံးအသိပဲဖြစ်ပါတယ်။

ကျိုင်းတုံဒေသဟာ ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခုမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဖွံ့ဖြိုးရေးအထူးဒေသတိုင်းမှာ ပညာသင်ယူမှု အခွင့်အလမ်းတစ်ပြေးညီပွင့်လန်းရေးအတွက် တက္ကသိုလ်/ဒီဂရီကောလိပ်တစ်ခု၊ အစိုးရနည်းပညာကောလိပ်တစ်ခု၊ အစိုးရကွန်ပျူတာကောလိပ်တစ်ခုစီ တည်ဆောက်ဖွင့်လှစ်ပေးထားပါတယ်။ ယခုဆိုရင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ တိုင်းရင်းသားလူငယ်တွေဟာ အဆင့်မြင့်ပညာကို မိမိတို့ဒေသအတွင်း အိုးမကွာအိမ်မကွာလေ့လာသင်ယူနိုင်ကြသလို နည်းပညာနဲ့ ကွန်ပျူတာပညာရပ်တွေကို လက်လှမ်းတမီ လွယ်လင့်တကူ လေ့လာသင်ယူနိုင်နေကြပြီ ဖြစ်ပါတယ်။ ကျန်းမာရေးအတွက် ဆေးဝါးကုသမှု ခံယူရာမှာလဲ ဟိုယခင်ကလို တောင်ကြီး၊ မန္တလေးအထိ သွားရောက်စရာမလိုဘဲ ခုတင်(၂၀၀)ဆံ့ ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီးမှာ တက်ရောက်ကုသနိုင်နေကြပြီ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ ယခုအခါ အခြေခံပညာကျောင်း၆၃၀ကျော်၊ ဆရာ ဆရာမ ၂၅၀၀ကျော်နဲ့ ကျောင်းသူကျောင်းသား ၆၅၂၆၀အထိရှိနေပြီး ယခင်ကထက် ဒေသအတွင်း ပညာသင်ယူမှု ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ ဆေးရုံဆေးခန်းနဲ့ ကျန်းမာရေးဌာနပေါင်း ၁၇၀ကျော် တိုးချဲ့တည်ဆောက်ပေးထားသလို ဆရာဝန် ၈၇ဦး၊ သူနာပြုဆရာမ ၂၂၄ ဦး တိုးမြှင့်ခန့်ထားပေးခဲ့ပါတယ်။

နိုင်ငံတော်က ပြည်နယ်အတွင်းမှာ ကတ္တရာလမ်း ၂၂၂မိုင်နဲ့ အခြားလမ်းမိုင် ၁၁၀၀ကျော်တိုးမြှင့်ဖောက်လုပ်ပေးခဲ့လို့ တောင်ပေါ်မြေပြန့် ကူးသန်းသွားလာမှု ချောမွေ့မြန်ဆန်နေပြီ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်မတိုင်မီက တံတားကြီးလေးစင်း၊ တံတားငယ် ၃၁၂ စင်းရှိခဲ့ရာမှ ယခုဆိုရင် ပေ၁၈၀အထက် တံတားကြီးရှစ်စင်း၊ တံတားငယ် ၄၀၀နီးပါးတိုးတက်တည်ရှိလာခဲ့ပါတယ်။ ဆက်သွယ်ရေးကဏ္ဍမှာ စာတိုက်၊ ကြေးနန်းနဲ့ အော်တိုတယ်လီဖုန်းများ၊ ဂြိုဟ်တုစခန်းသုံးခုနဲ့ မိုက္ကရိုဝေ့ဗ်စခန်း၁၂ခုအထိ တိုးမြှင့်ဖွင့်လှစ်ပေး ထားပါတယ်။ ကျိုင်းတုံနဲ့ တာချီလိတ်မှာ GSM မိုဘိုင်းလ်ဖုန်းတွေ တပ်ဆင်အသုံးပြုနိုင်လျက်ရှိနေပြီဖြစ်ပါတယ်။

လယ်ယာကဏ္ဍမှာ စိုက်ပျိုးနိုင်တဲ့ မြေဧရိယာ ၃၆၈၀၃၅ဧကရှိပြီး စပါးသီးနှံ ၂၅၇၆၃ဧက စိုက်ပျိုးထားပါတယ်။ အဓိကသီးနှံ(၁၀)မျိုးအပြင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ပဲပုပ်စတဲ့ သီးနှံများကိုလဲ စိုက်ပျိုးလျက်ရှိပါတယ်။ နှစ်ရှည်သီးနှံရော်ဘာဧက နှစ်သိန်းပြည့်မီအောင် နှစ်စဉ်တိုးချဲ့ စိုက်ပျိုးနေပါတယ်။ နိုင်ငံတော်က ဒေသအတွင်း စိုက်ပျိုးနိုင်မှုစွမ်းအား ပိုမိုမြင့်မားလာရေးအတွက် ကုန်းမြင့်လယ်ယာဧက ၁၅၀၀၀ ဖော်ထုတ်ပေးလျက်ရှိရာ ဧက ၃၅၀၀ကျော် ဖော်ထုတ်ရရှိနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသမှာ ဝမ်းစာစပါးဖူလုံရုံသာမက ပိုလျှံမှုပင် ရှိနေပြီဖြစ်ပါတယ်။

သံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား–

အဲဒီလို ပြည်နယ်နဲ့တိုင်းအသီးသီးရဲ့ စီးပွားရေး၊ လူမှုရေးကဏ္ဍများ တိုးတက်မြင့်မားလာအောင် အားပေးမြှင့်တင် ဖော်ဆောင်ပေးနေတဲ့အတွက် တစ်နိုင်ငံလုံး စားနပ်ရိက္ခာ ပြည့်စုံဖူလုံ ပိုလျှံနေပါတယ်။ အခုလို ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်မြင့်မားလာပြီး ဝယ်ယူစားသုံးနိုင်မှု အင်အားတွေ တစ်ပြည်လုံးမှာ ဖြန့်ကြက်မြင့်မားလျက်ရှိတာကို အားလုံးထိတွေ့ ခံစားနေကြရပါတယ်။

ဒါပေမယ့် ပြည်တွင်းပြည်ပမှ အဆိုးမြင်အဖျက်သမားတွေက မြန်မာနိုင်ငံမှာ ကုန်ဈေးနှုန်းတွေ မြင့်တက်နေတယ်၊ တိုင်းပြည်ရဲ့ စီးပွားရေးချွတ်ခြုံကျနေပြီလို့ မဟုတ်မဟတ်လုပ်ဇာတ်ခင်းပြီး တစ်ဆင့်စကားကြားရသူတွေ နဝေတိမ်တောင်ဖြစ်အောင် သွေးထိုးလှုံ့ဆော်နေကြောင်း သတင်းစာဆရာကြီးများ သိရှိကြပြီးဖြစ်ပါတယ်။

မကြာခင်ရက်ပိုင်းက ဆန်သစ်ပေါ်ချိန်ကာလမှာ နှစ်စဉ်ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း ရန်ကုန်မြို့မှာ ဆန်ဈေးနှုန်း အခိုက်အတန့်မြင့်တက်သွားခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံအတွင်းမှာ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု လျော့ကျသွားလို့၊ ဆန်စပါးလက်ကျန်မရှိတော့လို့ မဟုတ်ပါဘူး။ ဆန်သစ်ပေါ်ချိန်မှာ အနုတ်အသွင်း အလျော့အတင်း ဖြစ်လေ့ရှိတာကို အခွင့်ကောင်းယူပြီး ဝိသမစီးပွားရေးသမားတွေက ဈေးကစားခဲ့ကြလို့ ဖြစ်ပါတယ်။ ဒီလိုဖြစ်တာကိုလဲ စည်းရုံးရေးနည်းလမ်း၊ အုပ်ချုပ်ရေးနည်းလမ်းများနဲ့ ဖြေရှင်းဆောင်ရွက်ခဲ့လို့ ယခုအခါ ဆန်ဈေးဟာ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိ တည်ငြိမ်နေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၈၈ခုနှစ်တစ်ဝိုက်က စပါးတင်းသန်းပေါင်း ၆၅၀သာ စိုက်ပျိုးထွက်ရှိခဲ့ပါတယ်။ ယခုဆိုရင် နှစ်စဉ်စပါး တင်းသန်းပေါင်း ၁၂၀၀အထိ စိုက်ပျိုးထုတ်လုပ်နိုင်နေပြီဖြစ်ပါတယ်။ လက်ရှိလူဦးရေရဲ့ တစ်နှစ်လုံး စားသုံးမှုဟာ စပါးတင်းသန်း၈၀၀ကျော်သာဖြစ်ပါတယ်။ စိုက်ပျိုးထုတ်လုပ်မှု စွမ်းအားကို ဆက်လက်မြှင့်တင်ပေးနေတာမို့ တစ်နှစ်စပါးသုံးသီး စိုက်ပျိုးနိုင်လျက်ရှိပါတယ်။ ဒါကြောင့် တစ်နှစ်ထက်တစ်နှစ် စပါးစိုက်ပျိုးထုတ်လုပ်မှုနဲ့ အခြားသီးနှံထုတ်လုပ်မှု အားလုံးဟာပိုမိုမြင့်တက်လာဖို့ပဲရှိပါတယ်။

သံအမတ်ကြီးများနဲ့ သတင်းစာဆရာကြီးများခင်ဗျား–

ဒီနေရာမှာ အလျဉ်းသင့်လို့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် နှောင့်နှေးပျက်ပြားအောင် အနောက်အင်အားကြီးနိုင်ငံတစ်ခုနဲ့ အပေါင်းပါတွေက စီးပွားရေးပိတ်ဆို့မှု၊ ကုန်သွယ်ရေးပိတ်ဆို့မှု၊ ရင်းနှီးမြှုပ်နှံမှုပိတ်ဆို့မှု၊ ကမ္ဘာလှည့်ခရီးသည်တွေ မလာရောက်အောင် ပိတ်ဆို့မှုတွေနဲ့ ဖိအားပေးနေတာကိုလဲ ကျွန်တော်တို့အားလုံး ဆင်ခြင်သုံးသပ်သတိပြုသင့်တယ်လို့ ပြောကြားလိုပါတယ်။ စီးပွားရေးအရသာမကဘဲ နိုင်ငံရေးအရလဲ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတာ သတင်းစာဆရာကြီးများ အားလုံးအသိပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ မြန်မာတစ်နိုင်ငံလုံး ဆင်းရဲမွဲတေနေပြီ၊ ငတ်မွတ်ခေါင်းပါးနေပြီ၊ စီးပွားရေးချွတ်ခြုံကျနေပြီဆိုတဲ့ ပြည်တွင်း ပြည်ပ အဖျက်သမားတွေရဲ့ အမနာပ ကောလာဟလ ထုတ်လွှင့်မှုတွေဟာ သွေးရိုးသားရိုး မဟုတ်ပါဘူး။ ပြည်သူနဲ့ကင်းကွာပြီး နိုင်ငံရေး၊ စည်းရုံးရေးလုံးဝ ကျဆင်းနေတဲ့ ဆန့်ကျင်ဘက်နိုင်ငံရေးပါတီတစ်ခုနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းသမားတွေ၊ ခါတော်မီနိုင်ငံရေးလုပ်စားနေသူတွေ၊ ဗကပယူဂျီတွေက ပြည်ပဆရာကြီးရဲ့ ကြိုးကိုင်စီမံမှုအတိုင်း ၁၉၈၈ကလို ဆူပူအုံကြွအကြမ်းဖက်မှုတွေ ဖြစ်ပွားလာအောင် ဝါဒဖြန့်ချိရေး တိုက်ကွက်ဆင်နေခြင်းသာ ဖြစ်ပါတယ်။

အဲ့ဒီ ပြည်တွင်းပြည်ပ အဖျက်သမားများရဲ့ တကယ့်ရည်ရွယ်ချက်ကတော့ ပြည်တွင်းမှာ မတည်မငြိမ် ဖြစ်အောင်၊ ဆူပူအုံကြွမှုတွေဖြစ်အောင် သွေးထိုးလုပ်ဆောင်ပြီး တိုင်းပြည်ကစဉ့်ကလျားဖြစ်ချိန်မှာ အာဏာကို ဖြတ်လမ်းက ရယူဖို့သာ ဖြစ်တာမို့ နိုင်ငံတော်ရဲ့ စည်းလုံးညီညွတ်နေမှု၊ တည်ငြိမ်အေးချမ်းနေမှု၊ ဖွံ့ဖြိုးတိုးတက်နေမှုရလဒ်ကောင်းတွေ ပျက်စီးယိုယွင်း မသွားအောင် ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်ကြရမှာဖြစ်ကြောင်း သတင်းစာဆရာကြီးများမှ တစ်ဆင့် အသိပေးပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲသို့ တက်ရောက်အားပေး ချီးမြှင့်စဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေတ္တနာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E.Mr. Hul Phany နှင့် နိုင်ငံခြား သံရုံးများမှ သံတမန်များ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများဖြစ်ကြသည့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ကုလသမဂ္ဂခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးရေး (UNAIDS)၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) နှင့် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး အေဂျင်စီ (DEA)တို့မှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့်အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်အသင်းမှ အသင်းဝင် သတင်းထောက်များ၊ ပြည်တွင်းမှ မဂ္ဂဇင်း၊ ဂျာနယ်စာတည်းအဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တပ်မတော် စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေတ္တနာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phanyနှင့် ရှမ်းပြည်နယ် အထူးဒေသ(၂)မှ 'ဝ' တိုင်းရင်းသားခေါင်းဆောင် ဦးပေါ်လိုက်ခမ်းတို့ မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ သံအမတ်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ ရောက်ရှိလာရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ် အထူးဒေသ(၂) နှင့်အထူးဒေသ(၄)တို့မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးသည့် အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

(ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၏ ရှင်းလင်းတင်ပြချက် အပြည့်အစုံကို သီးခြား ဖော်ပြထားပါသည်။)

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသောပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေတ္တနာယက နှင့် သံတမန်များ၊ သံရုံး ယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများနှင့် ပြည်တွင်း ပြည်ပ သတင်းစာဆရာများသည် မူးယစ်ဆေးဝါးနှင့် ဆက်စပ်နေသည့် ဓာတုဗေဒဆေးရည်များကို မြေတွင်း၌ ဖောက်ခွဲဖျက်ဆီးပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မီးရှို့ဖျက်ဆီးမည့် ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါးများကို အသေးစိတ် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေတ္တနာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany နှင့် ရှမ်းပြည်နယ် အထူးဒေသ (၂)မှ 'ဝ' တိုင်းရင်းသားခေါင်းဆောင် ဦးပေါ်လိုက်ခမ်းတို့က မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြပြီး အခမ်းအနားကို မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ဩဂုတ် ၁၄ ရက်က ဖျက်ဆီးလိုက်သော မူးယစ်ဆေးဝါးများ၊ ဆက်စပ်ဓာတုပဗေဒဆေးများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုလုပ်ငန်းသုံးပစ္စည်းများ

ဘိန်းဖြူ	၄၄ ဒသမ ၅၅ ကီလို၊
ဘိန်း	၉၃၆ ဒသမ ၆၉ ကီလို၊
ဘိန်းညို မှုန့်	၄ ကီလို၊
အဆင့်နိမ့်ဘိန်း	ဝ ဒသမ ၁၇၈ ကီလို၊
ဘိန်းရည်	ဝ ဒသမ ၂ လစ်တာ၊
စိတ်ကြွရူးသွပ် ဆေးဝါး	၁၁၉ ဒသမ ၂၅၇၇ ကီလို၊
စိတ်ကြွဆေး အကြေမှုန့်	၂၁ ဒသမ ၁ ကီလို၊
အက်ဖီဒရင်း	၄၆၇ ဒသမ ၄၉၇၃ ကီလို၊
ကဖင်း	၅၄၅ ကီလို၊
အရိုးမီးသွေး	၇၄ ကီလို၊
အမိုးနီးယားမှုန့်	၁၈၆ ကီလို၊
ကလိုရိုဖောင်း	လစ်တာ ၆ဝ၊
အက်စစ်တစ်အင်ဟိုက်ဒြိုက်	၁ဝဝ၁ လစ်တာ၊
အီသိုင်းလ် အယ်လ်ကိုဟောလ်	၆၂၃၆ လစ်တာ၊
လွှိုင်စင်းကော့စတစ်ဆိုဒါ	၁၈ ကီလို၊
ဖိနိုင်းအက်စစ်တစ်အက်စစ်	၁၁၅ ကီလို၊
အမျိုးအမည်မသိ အဝါရောင် အခဲ	၇၄ ကီလိုနှင့်အမှုန့် ကီလို ၆ဝ၊
ဘလောက်တုံး လုပ်သည့်	
သံကိုယ်ထည်အစိတ်အပိုင်း	တစ်စုံ၊
ဆေးပြား ရိုက်စက်	တစ်လုံး၊
တံဆိပ်မပါသည့် မိုလ်	၁၈ ခု၊
WY တံဆိပ်ပါ မိုလ်	၃၇ ခု၊
အရောင်တင်မှုန့်(Food Color)	အထုပ် ၅ဝနှင့်
အပြာရောင်ပလတ်စတစ်အိတ်အခွံငယ်	အိတ် ၁ဝဝတို့ ဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၀၆ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအင်န်ဟာဆန် ဝီရာယုဒထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးထံ စာနာကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဩဂုတ် ၁၂ရက်မှ စတင်တိုက်ခတ်ခဲ့သော နှစ်၅၀အတွင်း အင်အားပြင်းထန်သည့် ဆောင်မိုင်းမုန်တိုင်းဒဏ်ကြောင့် ဖူကျန့်၊ ကျဲ့ကျန်းနှင့် ကျန်းရှီးပြည်နယ်များ၌ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီကျောက်ရှင်းထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော သံအမတ်ကြီးများနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေါင်းဆောင် နာယကနှင့် သံတမန်များ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ မီးရှို့ဖျက်ဆီးမည့် ဘိန်းဖြူ အပါအဝင် မူးယစ်ဆေးဝါးများကို အသေးစိတ် ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီရုံးခန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ၏ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီရုံးခန်းကို နေပြည်တော်ရှိ အမှတ်(၃၅) ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဖုန်း-၀၆၇-၄၀၈၀၃၇ နှင့် ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီရုံးခန်း Fax ၀၆၇-၄၀၈၀၃၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

(ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ၏ ရှင်းလင်းတင်ပြချက် အပြည့်အစုံကို သီးခြား ဖော်ပြထားပါသည်။)

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသောပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေါင်းဆောင်နာယက နှင့် သံတမန်များ၊ သံရုံး ယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် မူးယစ်ဆေးဝါးနှင့် ဆက်စပ်နေသည့် ဓာတုဗေဒဆေးရည်များကို မြေတွင်း၌ ဖောက်ခွဲဖျက်ဆီးပေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မီးရှို့ဖျက်ဆီးမည့် ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါးများကို အသေးစိတ် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များအဖွဲ့ ခေါင်းဆောင်နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany နှင့် ရှမ်းပြည်နယ် အထူးဒေသ (၂)မှ 'ဝ' တိုင်းရင်းသားခေါင်းဆောင် ဦးပေါ်လိုက်ခမ်းတို့က မူးယစ်ဆေးဝါးများကို စက်ခလုတ်နှိပ်၍ မီးရှို့ဖျက်ဆီးပေးကြပြီး အခမ်းအနားကို မွန်းလွဲ ၁ နာရီ ၄၅မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံဆိုင်ရာ သံတမန်များအဖွဲ့ ခေါင်းဆောင်နာယက ကမ္ဘောဒီးယား နိုင်ငံသံအမတ်ကြီးနှင့် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဖျက်ဆီး

ယနေ့ အခမ်းအနားတွင် ဖျက်ဆီးလိုက်သော မူးယစ်ဆေးဝါးများ၊ ဆက်စပ် ဓာတုဗေဒ ဆေးများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှုလုပ်ငန်းသုံးပစ္စည်းများမှာ ဘိန်းဖြူ ၄၄ ဒသမ ၅၅ ကီလို၊ ဘိန်း ၉၃၆ ဒသမ ၆၉ ကီလို၊ ဘိန်းညို မှုန့် ၄ ကီလို၊ အဆင့်နိမ့်ဘိန်း ၀ဒသမ ၁၇၈ကီလို၊ ဘိန်းရည် ၀ ဒသမ ၂ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးဝါး ၁၁၉ ဒသမ ၂၅၇၇ ကီလို၊ စိတ်ကြွဆေး အကြေမှုန့် ၂၁ ဒသမ ၁ ကီလို၊ အက်ဖီဒရင်း ၄၆၇ဒသမ ၄၉၇၃ ကီလို၊ ကဖင်း ၅၄၅ ကီလို၊ အရိုးမီးသွေး ၇၄ ကီလို၊ အမိုးနီးယားမှုန့် ၁၈၆ ကီလို၊ ကလိုရိုဖောင်း လစ်တာ ၆၀၊ အက်စစ်တစ်အင်ဟိုက်ဒြိုက် ၁၀၀၁ လစ်တာ၊ အီသိုင်းလ်အယ်လ်ကိုဟောလ် ၆၂၃၆ လစ်တာ၊ လွိုင်စင်းကော့စတစ်ဆိုဒါ ၁၈ ကီလို၊ ဖီနိုင်းအက်စစ်တစ်အက်စစ် ၁၁၅ ကီလို၊ အမျိုးအမည်မသိ အဝါရောင် အခဲ ၇၄ ကီလိုနှင့် အမှုန့် ကီလို ၆၀၊ ဘလောက်တုံး လုပ်သည့် သံကိုယ်ထည် အစိတ်အပိုင်းတစ်စုံ၊ ဆေးပြား ရိုက်စက်တစ်လုံး၊ တံဆိပ်မပါသည့် မိုလ် ၁၈ခု၊ WY တံဆိပ်ပါ မိုလ် ၃၇ခု၊ အရောင်တင်မှုန့် (Food Color) အထုပ် ၅၀ နှင့် အပြာရောင် ပလတ်စတစ်အိတ်အခွံငယ် အိတ် ၁၀၀ တို့ ဖြစ်သည်။

အာဆီယံအသက်(၁၇)နှစ်အောက် ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်က ဘင်္ဂလားဒေ့ရှ်ကိုအနိုင်ရပြီး ဒုတိယရရှိ

ရန်ကုန် ဩဂုတ် ၁၆

၂၀၀၆ခုနှစ် အာဆီယံအသက်(၁၇)နှစ်အောက်လူငယ်ဘောလုံးပြိုင်ပွဲကို ယနေ့ ဒေသစံတော်ချိန် ၄နာရီတွင် ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

ပြိုင်ပွဲတွင် မြန်မာလူငယ်လက်ရွေးစင်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်လူငယ်လက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ် အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၅မိနစ်တွင် ဇော်လင်းက ပထမဂိုးကို လည်းကောင်း၊ ၁၅မိနစ်တွင် ပြည့်ဖြိုးဦးက ဒုတိယဂိုးကိုလည်းကောင်း သွင်းယူခဲ့ပြီးပထမပိုင်းတွင် မြန်မာလူငယ် အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ယှဉ်ပြိုင်လျက်ရှိသည်။

တစ်ဂိုးရရှိသွား

ဒုတိယပိုင်း ဆက်လက်ယှဉ်ပြိုင်ကစားရာ ၁၄မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်အသင်း တစ်ဂိုးရရှိသွားသည်။

ဒုတိယပိုင်း ၄၄မိနစ်တွင် ပြည့်ဖြိုးဦးက တတိယဂိုးသွင်းယူပြီး မြန်မာလူငယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ယနေ့ ဒုတိယပွဲစဉ်အဖြစ်လာအိုလူငယ်အသင်းနှင့် ဗီယက်နမ်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် လာအိုလူငယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယဆုဆွတ်ခူး

မြန်မာလူငယ်လက်ရွေးစင်အသင်းသည် သုံးပွဲကစား နှစ်ပွဲနိုင် တစ်ပွဲရှုံး ရမှတ် ခြောက်မှတ်ဖြင့် အိမ်ရှင်ဗီယက်နမ်အသင်းနှင့် အမှတ်တူသော်လည်း ဂိုးကွာခြားချက်အရ ဒုတိယဆုဆွတ်ခူးနိုင်ခဲ့သည်။ **(သတင်းစဉ်)**

သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၆)တွင် ခင်းကျင်း ပြသထားသော SSA-S ရွက်ဆစ်၏ ခမ်းပါဒေသ ဘိန်းချက်စခန်းနှစ်ခုမှ သိမ်းပိုက်ရရှိသောလက်နက်မျိုးစုံ၊ ကျည်ဆန်မျိုးစုံ၊ လက်ပစ်ဗုံးနှင့် ကျည်ကပ်မျိုးစုံတို့ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖမ်းဆီးရမိ ဆက်စပ်ဓာတုဗေဒဆေးများ

ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ဆက်စပ် ဓာတုဗေဒဆေးများကို တွေ့ရစဉ်။ (သတင်းစဉ်)

ကာလပေါက်ဈေး

အဆိုပါ မူးယစ်ဆေးဝါးများ၊ ဆက်စပ် ဓာတုဗေဒဆေးများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်မှု လုပ်ငန်းသုံးပစ္စည်းများ၏ ကာလပေါက်ဈေးမှာ မြန်မာငွေကျပ် ၉ဒသမ ၂ဘီလီယံခန့်မှန်းအမေရိကန်ဒေါ်လာ ၄၃၆သန်းဖိုးရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာမျက်နှာ ၅ မှ

အဲဒီလို ရှာဖွေတဲ့အခါ အိုက်ဆန်းစီးနင်းလာတဲ့ မော်တော်ယာဉ်ပေါ်မှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၈၀၀၀၊ ပွိုင့်-၄၅ပစ္စတိုတစ်လက်နဲ့ ကျည်ခြောက်တောင့်တို့ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့ပါတယ်။ ဒီဖြစ်စဉ်မှာ အိုက်ဆန်းဟာ မိုင်းမောမှာနေတဲ့ အိုက်ကျင်းဆိုသူထံမှ စိတ်ကြွဆေးပြား ခြောက်သိန်းကျော်ကို ဟိုပန်အထိ သယ်ဆောင်ခ ထိုင်းဘတ်ငွေ သုံးသိန်းရယူပြီး သယ်ဆောင်ခဲ့တာဖြစ်ကြောင်း သိရတဲ့အတွက် ပါဝင်ပတ်သက်သူတွေကို ဥပဒေအရ အရေးယူခဲ့ပါတယ်။ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားတွေရဲ့ တန်ဖိုးဟာ မြန်မာကျပ်ငွေ ၁ ဒသမ ၇ ဘီလီယံဖိုးရှိပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ သန်းဖိုးခန့် ရှိပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား-

ဆက်လက်ပြီးတော့ ဒေသခံပြည်သူများရဲ့ သတင်းပေးကူညီမှုကြောင့် တာချီလိတ်မြို့ပေါ်မှာ ဆေးပြားရိုက်စက် ဖမ်းဆီးရမိတဲ့ စတုတ္ထဖြစ်စဉ်ကိုလဲ ရှင်းလင်းတင်ပြသွားပါမယ်။

ဒီဖြစ်စဉ်မှာတော့ တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်မှာရှိတဲ့ စိုင်းဆမ်နွမ်းရဲ့အိမ်ဟာ မူးယစ်ဆေးဝါးနဲ့ ဆက်နွယ်မှုရှိနေကြောင်း တာချီလိတ် မူးယစ်အထူးအဖွဲ့က ၂၀၀၆ ခုနှစ်ဇွန်လ ၆ ရက်နေ့မှာ သတင်းစတင်ရရှိခဲ့ပါတယ်။ ရရှိသတင်းကို အဘက်ဘက်က အတည်ပြုပြီး ဇွန်လ ၂၆ ရက်နေ့ မွန်းလွဲ ၂ နာရီမှာ ပစ်မှတ် အိမ်ကို ဝင်ရောက်ရှာဖွေခဲ့ပါတယ်။ အဲဒီအချိန်မှာ အိမ်ရှင်စိုင်းဆမ်နွမ်းဟာ တစ်ဖက်နိုင်ငံ မယ်ဆိုင်မြို့ကို ရောက်ရှိနေတာကြောင့် သူ့ဇနီး နန်းအင်းရှဲန်ကိုသာ တွေ့ရှိရပါတယ်။ စနစ်တကျရှာဖွေမှုကြောင့် မြေတိုက်ခန်းအဖုံး အဖွင့်အပိတ်ကို ဟိုက်ဒြောလစ်စနစ်နဲ့ ပြုလုပ်ထားတဲ့ နေအိမ်ရဲ့အနောက်ဘက် စတိုခန်းအောက်က လျှို့ဝှက်မြေတိုက်ခန်းကို တွေ့ရှိခဲ့ရပါတယ်။ အဲဒီမြေတိုက်ခန်းထဲကနေ စိတ်ကြွရူးသွပ်ဆေးပြား ၉၁၅၀၊ အသင့်ရောစပ်ပြီး စိတ်ကြွရူးသွပ်ဆေးအမှုန့် ၂၁ ဒသမ ၁ ကီလို၊ အခြောက်ခံထားတဲ့ စိတ်ကြွရူးသွပ်ဆေးပြား အမှုန့် ၂၀ ဒသမ ၈၈ ကီလို၊ ဆေးပြားရိုက်စက်တစ်ခု၊ မိုလ် ၅၅ ခု၊ သေနတ် နှစ်လက်၊ ကျည်ကပ်နှစ်ခု၊ ကျည်မျိုးစုံ ၂၄ တောင့်ကို သိမ်းဆည်းရမိခဲ့ပါတယ်။

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်

စစ်ဆေးဖော်ထုတ်ချက်များအရ တစ်ဖက်နိုင်ငံသား အိုက်နွဲ့ရဲ့စေခိုင်းချက်အရ တရုတ်လူမျိုး လောက်ကြောင် (ခ) အိုက်ကွီ (ခ) လုစိန်ဆိုသူက ဆေးပြားရိုက်စက်ကို စိုင်းဆမ်နွမ်းထံ ပို့ပေးခဲ့တာဖြစ်ကြောင်း ပေါ်ပေါက်ခဲ့ပါတယ်။ ဒါ့အပြင် အိုက်နွဲ့က အသင့်ရောစပ်ပြီး ဆေးမှုန့်များကို မယ်ဆိုင်ကနေ စိုင်းဆမ်နွမ်းထံ လောက်ကြောင်နဲ့ ပို့ဆောင်စေပြီး ဆေးပြားများပြုလုပ်စေခဲ့တာဖြစ်ပါတယ်။ ပြုလုပ်ပြီး စိတ်ကြွရူးသွပ်ဆေးပြားများကို အိုက်နွဲ့က လောက်ကြောင်ကို အခကြေးငွေပေးပြီး တစ်ဖက်နိုင်ငံသို့ လေးကြိမ်သယ်ယူပို့ဆောင်စေခဲ့ကြောင်း သိရှိရပါတယ်။ အမှုမှာ ပါဝင်နေတဲ့ လောက်ကြောင်နဲ့ နန်းအင်းရှဲန်တို့ကို အရေးယူခဲ့ပြီး တစ်ဖက်နိုင်ငံက ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိရေးအတွက် ထိုင်းနိုင်ငံ ချင်းရိုင် ONCB ရုံးနဲ့ သတင်းဖလှယ်လျက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေပါတယ်။

ဒီအမှုမှာ ဖမ်းဆီးရမိတဲ့ စိတ်ကြွရူးသွပ်ဆေးပြားများရဲ့ တန်ဖိုးဟာ မြန်မာကျပ်ငွေ ၄၄၄ သန်း၊ အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းဖိုးခန့် ရှိပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား-

ရှင်းလင်းတင်ပြခဲ့တဲ့ မူးယစ်ဆေးဝါးဖြစ်စဉ် လေးခုကိုကြည့်ရင် မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် နိုင်ငံတော်အပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကို အရှိန်မြှင့်တင် ဆောင်ရွက်နေသလို ဒေသခံပြည်သူများ၊ တိုင်းရင်းသား အဖွဲ့အစည်းများကလဲ အသိစိတ်ရှိရှိနဲ့ ပူးပေါင်းပါဝင် တိုက်ဖျက်နေကြကြောင်း တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒါဟာ ပကတိဖြစ်ရပ်မှန် အခြေအနေတွေသာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်များဟာ များစွာကျယ်ပြန့်နက်ရှိုင်း ထိရောက်မှုရှိလာပြီး ၂၀၁၄ခုနှစ်မှာ မူးယစ်ဆေးဝါးအန္တရာယ် မြန်မာ့မြေပေါ်က ပပျောက်ရမယ်ဆိုတဲ့ အမျိုးသားရေး တာဝန်ကြီးကို အကောင်အထည်ဖော် ဆောင်ရွက်နေမှုများဟာ တစ်နေ့တခြား ပိုမိုပီပြင် ထင်ရှားလာနေတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ရှေ့ဆက်လက်ပြီးတော့လဲ ပြည်သူလူထုရဲ့အား၊ တိုင်းရင်းသား အဖွဲ့အစည်းများရဲ့အား၊ မိတ်ဆွေ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများရဲ့ ပူးပေါင်းပါဝင်မှုအားများကိုရယူပြီး မူးယစ်ဆေးဝါးပပျောက်ရေးကို လက်တွေ့ကျကျ တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား-

ဒီနေ့ မီးရှို့ဖျက်ဆီးမယ့် မူးယစ်ဆေးဝါးတွေကတော့ ဘိန်းဖြူ ၄၄ ဒသမ ၅၅ ကီလို၊ ဘိန်း ၉၃၆ ဒသမ ၆၉ ကီလို၊ ဘိန်းညိုမှုန့် လေးကီလို၊ အဆင့်နိမ့်ဘိန်း ၀ ဒသမ ၁၇၈ ကီလို၊ ဘိန်းရည် ၀ ဒသမ ၂ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၉ ဒသမ ၂၅၇၇ ကီလို၊ စိတ်ကြွဆေးအကျေမှုန့် ၂၁ ဒသမ ၁ ကီလို၊ အက်ဖီဒရင်း ၄၆၇ ဒသမ ၄၉၇၃ ကီလို၊ ကဖင်း ၅၄၅ ကီလို၊ အရိုးမီးသွေး ၇၄ ကီလို၊ အမိုးနီးယားအမှုန့်၁၈၆ကီလို၊ကလိုရိုဖောင်းလစ်တာ ၆၀၊အက်စစ်တစ်အင်ဟိုက်ဒြိုက် ၁၀၀၁ လစ်တာ၊ အီသိုင်းအယ်လ်ကိုဟော ၆၂၃၆ လစ်တာ၊ လွိုင်စင်းကော့စတစ်ဆိုဒါ ၁၈ကီလို၊ ဖီနိုင်းအက်စစ်တစ်အက်စစ် ၁၁၅ကီလို၊ အမျိုးအမည်မသိအဝါရောင် အခဲ ၇၄ ကီလို၊ အမျိုးအမည်မသိ အဝါရောင်အမှုန့် ကီလို၆၀၊ ဘလောက်တုံးလုပ်သည့် သံကိုယ်ထည်အစိတ်အပိုင်း တစ်စုံ၊ ဆေးပြားရိုက်စက် တစ်လုံး၊ တံဆိပ်မပါသည့် Mould ၁၈ ခု၊ WY တံဆိပ်ပါ Mould ၃၇ ခု၊ အရောင်တင်မှုန့် အထုပ် ၅၀ နှင့် အပြာရောင်ပလတ်စတစ်အိတ်ခွံငယ် အိတ် ၁၀၀ တို့ ဖြစ်ပါတယ်။

ဒီနေ့မီးရှို့ဖျက်ဆီးမယ့် မူးယစ်ဆေးဝါးများရဲ့ တန်ဖိုးဟာ မြန်မာကျပ်ငွေ ၉ ဒသမ ၂ ဘီလီယံ၊ ခန့်မှန်း အမေရိကန်ဒေါ်လာ ၄၃၆ သန်းဖိုးခန့် ရှိပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား-

ယခု ကျွန်တော်တင်ပြခဲ့တဲ့ ခမ်းပါဒေသမှ SSA-S ရှက်ဆစ်အဖွဲ့ရဲ့ ဘိန်းချက်စခန်းတွေကို ဖော်ထုတ်ဖမ်းဆီးခဲ့တဲ့ ဖြစ်စဉ်များဟာ 'ဝ'အထူးဒေသ တိုင်းရင်းသားအဖွဲ့က သူတို့ရဲ့ ပင်ကိုအသိနဲ့ သူတို့ကိုယ်တိုင် မူးယစ်ဆေးဝါးကို မလိုလားတဲ့အတွက် သတင်းများ ရယူဖော်ထုတ်ပြီး တိုက်ခိုက်ချေမှုန်းခဲ့ကြတာ ဖြစ်ပါတယ်။ မူးယစ်ဆေးဝါး ထုတ်လုပ်နေတဲ့ ရှက်ဆစ်အဖွဲ့ကို တပ်မတော်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့နဲ့ အခြားသောအဖွဲ့အစည်းများရဲ့ အကူအညီလုံးဝမပါဘဲ သူတို့အဖွဲ့ချည်းသက်သက်နဲ့သာ တိုက်ခိုက်ခဲ့ကြတာ ဖြစ်ပါတယ်။

ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် ဖော်ထုတ်ချေမှုန်း

ကျွန်တော့်အနေနဲ့ ဆက်စပ် တင်ပြလိုတာကတော့ နိုင်ငံတကာမူးယစ်ဂိုဏ်းတွေ၊ မူးယစ်ဆေးဝါးလုပ်ငန်းမှာ ငွေကြေးစိုက်ထုတ်ပြီး စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်တဲ့ လူပုဂ္ဂိုလ်တွေဟာ ဆက်သွယ်သွားလာရေး ခက်ခဲမှုနဲ့ လူသူကင်းဝေးတဲ့ အခွင့်အရေးများကိုရယူပြီး နှစ်နိုင်ငံနယ်စပ်ဒေသတွေမှာ မူးယစ်ဆေးဝါးချက်လုပ်ခဲ့တာတွေ ရှိပါတယ်။ ဒီလိုလုပ်ဆောင်နေမှုများကို အမြစ်ဖြတ်ချေမှုန်းရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ 'ဝ'တိုင်းရင်းသားအဖွဲ့က နိုင်ငံတော်နဲ့ လက်တွဲပြီး ပူးပေါင်းတိုက်ဖျက် ဆောင်ရွက်နေပေမယ့်လဲ နယ်စပ်ဒေသတွေမှာ မူးယစ်ဆေးဝါးလုပ်ငန်းတွေကို 'ဝ'တိုင်းရင်းသားအဖွဲ့ကပဲ ထုတ်လုပ်နေတယ်၊ လုပ်ကိုင်ဆောင်ရွက်နေတယ်ဆိုပြီး ပြည်ပမီဒီယာတွေက စဉ်ဆက်မပြတ် တစ်ဖက်သတ် မျက်စိမှိတ် စွပ်စွဲပြောဆိုခဲ့ကြပါတယ်။ အခုဖြစ်စဉ်မှာ မူးယစ်ဆေးဝါးလုပ်ငန်းများ အမြစ်ပြတ်ရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို 'ဝ'တိုင်းရင်းသားအဖွဲ့ကိုယ်တိုင်က ဘယ်သူ့တိုက်တွန်းနှိုးဆော်ချက်မျှမပါဘဲ ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် ဖော်ထုတ်ချေမှုန်းခဲ့ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

တစ်ဖက်မှာလဲ 'ဝ'တိုင်းရင်းသားတွေအနေနဲ့ သူတို့ဒေသမှာ ၂၀၀၅ခုနှစ်အတွင်း ဘိန်းစိုက်ပျိုးမှု လုံးဝပပျောက်စေရမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်ခဲ့တာကြောင့် ၂၀၀၅ခုနှစ်မှာ အမှန်တကယ် ဘိန်းစိုက်ပျိုးမှု လုံးဝရပ်ဆိုင်းနိုင်ခဲ့ကြောင်း ၂၀၀၅-၂၀၀၆ ဘိန်းစိုက်ပျိုးမှု တိုင်းတာရေးစာရင်းဇယားများအရ လက်တွေ့ကျကျ ထင်ထင်ရှားရှား တွေ့ရှိခဲ့ရပြီးဖြစ်ပါတယ်။

သတင်းစာဆရာကြီးများနဲ့ ဧည့်သည်တော်ကြီးများခင်ဗျား-

မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတွေ ကျဆင်းသွားပေမယ့် မူးယစ်ဆေးဝါးအသစ်အဆန်းဖြစ်တဲ့ ICE, Ecstasy နဲ့ Ketamine တွေ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများသို့ ဈေးကွက်ရှာ ဝင်ရောက်လာတာတွေ့ရတဲ့အတွက် ကာကွယ်တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ရည်မှန်းချက် အောင်မြင်သည်အထိ ဆက်လက်တိုးမြှင့် ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။

ဒါ့အပြင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရာမှာ တားဆီးနှိမ်နင်းရေးကဏ္ဍ တစ်မျိုးတည်းကို အလေးပေးလုပ်ရုံမျှဖြင့် ပြီးပြည့်စုံနိုင်မှာမဟုတ်ဘဲ ဘိန်းစိုက်ဒေသတွေမှာ နောက်ဆက်တွဲ လုပ်ငန်းများအဖြစ် ဘိန်းစိုက်တောင်သူတွေရဲ့ အစားထိုးဝင်ငွေရရှိရေး၊ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနဲ့ လူနေမှုဘဝမြှင့်တင်ရေးတွေကိုပါ ဟန်ချက်ညီညီ ဆောင်ရွက်ပေးမှသာ မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အမှန်တကယ် လျော့နည်းပပျောက်သွားမှာဖြစ်တဲ့အတွက် မူးယစ်ဗဟိုအဖွဲ့နဲ့ ဆက်စပ်နေတဲ့ ဝန်ကြီးဌာနအသီးသီးကလဲ နီးနီးကပ်ကပ် ထိတွေ့ဆက်သွယ် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် မြင့်မားခိုင်မာတဲ့ အမျိုးသားရေး ရည်မှန်းချက်၊ မယိုင်မလဲသော ဦးတည်ချက်များချမှတ်ပြီး မြန်မာ့မြေပေါ်မှ မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီး အပြီးတိုင် ပျောက်ကွယ်သွားစေရမယ်ဆိုတဲ့ ယုံကြည်ချက်၊ ခံယူချက်၊ မျှော်မှန်းချက်တွေနဲ့ ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာ နိုင်ငံတကာက သိအောင် အတိအလင်း ကြေညာထားပြီးဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အမျိုးသားရေးပန်းတိုင်ဟာ သတ်မှတ်အချိန် အတိုင်းအတာတစ်ခုမှာ မလွဲဧကန်ရောက်ရှိမှာဖြစ်ကြောင်း ယုံကြည်လက်ခံထားပြီးလဲ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းတွေကို မိတ်ဆွေ နိုင်ငံတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆက်လက်တိုက်ဖျက်သွားမှာဖြစ်ကြောင်း အလေးအနက်ပြု ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ ဆဋ္ဌမအကြိမ် မီးရှို့ဖျက်ဆီးပွဲ အခမ်းအနားသို့ သံအမတ်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

ဘယ်သူ့တိုက်တွန်းနှိုးဆော်ချက်မျှမပါဘဲ ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် ဖော်ထုတ်ချေမှုန်းခဲ့

နိုင်ငံတကာမူးယစ်ဂိုဏ်းတွေ၊ မူးယစ်ဆေးဝါးလုပ်ငန်းမှာ ငွေကြေးစိုက်ထုတ်ပြီး စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်တဲ့ လူပုဂ္ဂိုလ်တွေဟာ ဆက်သွယ်သွားလာရေး ခက်ခဲမှုနဲ့ လူသူကင်းဝေးတဲ့ အခွင့်အရေးများကိုရယူပြီး နှစ်နိုင်ငံနယ်စပ်ဒေသတွေမှာ မူးယစ်ဆေးဝါးချက်လုပ်ခဲ့တာတွေရှိ။ ဒီလိုလုပ်ဆောင်နေမှုများကို အမြစ်ပြတ်ချေမှုန်းရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ 'ဝ'တိုင်းရင်းသားအဖွဲ့က နိုင်ငံတော်နဲ့လက်တွဲပြီး ပူးပေါင်းတိုက်ဖျက် ဆောင်ရွက်နေပေမယ့်လဲ နယ်စပ်ဒေသတွေမှာ မူးယစ်ဆေးဝါးလုပ်ငန်းတွေကို'ဝ'တိုင်းရင်းသားအဖွဲ့ကပဲ ထုတ်လုပ်နေတယ်၊ လုပ်ကိုင်ဆောင်ရွက်နေတယ်ဆိုပြီး ပြည်ပမီဒီယာတွေက စဉ်ဆက်မပြတ် တစ်ဖက်သတ်မျက်စိမှိတ်စွပ်စွဲပြောဆို။ အခုဖြစ်စဉ်မှာ မူးယစ်ဆေးဝါးလုပ်ငန်းများ အမြစ်ပြတ်ရေးအတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို 'ဝ'တိုင်းရင်းသားအဖွဲ့ကိုယ်တိုင်က ဘယ်သူ့တိုက်တွန်းနှိုးဆော်ချက်မျှမပါဘဲ ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် ဖော်ထုတ်ချေမှုန်းခဲ့ကြောင်းတွေ့ရှိရမှာဖြစ်။

ဦးမိန်းစင်နဲ့အဖွဲ့ အင်အားမှာ တကယ့်အင်အားဖြစ်ပြီး အရပ်သားများကို ယူနီဖောင်းဝတ်ပေးခြင်းမဟုတ် တောပြန်ခိုသွားသည်ဆိုခြင်းမှာ မှားယွင်းသောသတင်းသာဖြစ်၊ ဒေသအာဏာပိုင်များနှင့်အမြဲတမ်းဆက်သွယ်မှုရှိနေ ရေရှည်ရပ်တည်နိုင်ဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်နိုင်အောင်ကူညီဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၆)ကို ဩဂုတ်၁၄ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ကျင်းပခဲ့သည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ မေးမြန်းမှုနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြန်လည်ရှင်းလင်းဖြေကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ဒေါက်တာတင်ထွန်းဦး(ပြည်မြန်မာဂျာနယ်)

ကျွန်တော့်အနေနဲ့ သိလိုတဲ့အချက်က နှစ်ချက်ရှိပါတယ်။ ပထမတစ်ခုကတော့ 'ဝ' တိုင်းရင်းသားအဖွဲ့ဟာ ၂၀၀၅ ခုနှစ်မှာ အမှန်တကယ် ဘိန်းစိုက်ပျိုးမှုလုံးဝရပ်ဆိုင်းပြီးတော့ အခုဆိုရင် မူးယစ်ဆေးဝါးထုတ်လုပ်နေတဲ့ ရွက်ဆစ်အဖွဲ့ကို တပ်မတော်တို့မူးယစ်ဆေးဝါး ကာကွယ်နှိမ်နင်းရေး အဖွဲ့တွေရဲ့ အကူအညီမပါဘဲနဲ့ သူတို့အဖွဲ့ချည်းပဲ သက်သက် တိုက်ခိုက်ချေမှုန်းခဲ့တဲ့ အခြေအနေအထိ ကျွန်တော်သိရှိခဲ့ရပါတယ်။ နောက် ကိုးကန့်မှာဆိုရင်လဲ ၂၀၀၃ ခုနှစ်မှာ မူးယစ်ဆေးဝါးကင်းမဲ့ဇုန် ကြေညာခဲ့တယ်လို့လဲ သိရပါတယ်။ တခြားတိုင်းရင်းသားအဖွဲ့အစည်းတွေမှာလဲ အခုလိုမျိုးပဲ ဘယ်သူ့ရဲ့ တိုက်တွန်းမှုမျှမပါဘဲ ကိုယ့်အသိစိတ်ဓာတ်နဲ့ကိုယ် အခုလို ဖော်ထုတ်ချေမှုန်းတာမျိုး ရှိပါသေးလားခင်ဗျာ။ ရှိလို့ရှိရင် ကျွန်တော် သိချင်ပါတယ်။



ပြည်မြန်မာဂျာနယ်မှ ဒေါက်တာတင်ထွန်းဦး မေးမြန်းစဉ်။ (သတင်းစဉ်)

နောက်တစ်ခုကတော့ ၂၀၁၄ ခုနှစ်မှာ Drug Free Myanmar ပေါ့လေ၊ မြန်မာပြည်မှာ မူးယစ်ဆေးဝါးလုံးဝပပျောက်စေရမယ်ဆိုတဲ့ မဟာဗျူဟာချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်ဆိုတာ တကယ်တော့ ရှစ်နှစ်လောက်ပဲလိုတော့တာဖြစ်တဲ့အတွက်ကြောင့် အဲဒီအတိုင်း အဲဒီအချိန်ကာလမှာ ဖြစ်မြောက်အောင်မြင်နိုင်မယ့် အလားအလာ အနေအထားလေးကိုလဲ ကျွန်တော်သိချင်ပါတယ်ခင်ဗျာ။

ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ

ကျေးဇူးတင်ပါတယ်၊ အဲဒီတော့ ကျွန်တော်တို့ ဒီမှာ တိုင်းရင်းသားအဖွဲ့အစည်းများလဲ ပါတုန်းပေါ့လေ။ ရှမ်းပြည်နယ် အထူးဒေသ(၄) မိုင်းလားဒေသပေါ့၊ အဲဒီဒေသကလဲ ကျွန်တော်တို့ ၁၉၉၇ ခုနှစ်ကတည်းက Opium Free ဆိုပြီးတော့ ကြေညာခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ဒီအထူးဒေသ(၄) ခေါင်းဆောင် ဦးစိုင်းလင်းကို လူမှုထူးချွန်ဆု (ပထမဆင့်) ချီးမြှင့်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော် စောစောက တင်ပြခဲ့တဲ့ စခန်းအလိုက် ဝင်ရောက်တိုက်တာမျိုး မဟုတ်သော်လဲပဲ အထူးဒေသ(၄)အနေနဲ့ ဘွတ်လေအနီးမှာ သူတို့ရဲ့အစီအမံနဲ့ ဘိန်းဖြုဖျက်တဲ့ ဖြစ်စဉ်ရှိပါတယ်။ ဆိုလိုတဲ့ သဘောကတော့ ကျွန်တော်တို့ တိုင်းရင်းသားအဖွဲ့အစည်းတွေအနေနဲ့ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်း ရည်မှန်းချက်ပန်းတိုင်ကို အားလုံးဝိုင်းဝန်းပြီးတော့ ထမြောက်အောင်မြင်အောင် ဆောင်ရွက်နေကြတာဖြစ်ပါတယ်။နောက် ဒုတိယမေးခွန်းအနေနဲ့ ၂၀၁၄ ခုနှစ်ဟာ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရမယ့်နှစ် ဖြစ်တဲ့အတွက်ကြောင့် ဒါနဲ့ပတ်သက်လို့ အမှန်တကယ် ဖြစ်မဖြစ် ဒီလိုမေးတယ်လို့ ထင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ ၂၀၀၃ ခုနှစ်က ကိုးကန့်ကို Opium Free ဘိန်းစိုက်ပျိုးမှုပပျောက်တဲ့နှစ်ဆိုပြီးတော့ ကိုးကန့်ဒေသကကြေညာခဲ့ပါတယ်။ နောက် ၂၀၀၅ ခုနှစ် ဇွန်လမှာ ဒီရှမ်း(မြောက်) အထူးဒေသ(၂)က သူတို့လည်း Opium Free ပေါ့။ ဘိန်းစိုက်ပျိုးမှု ပပျောက်တဲ့နှစ်ဆိုပြီးတော့ ကြေညာခဲ့ပါတယ်။

အဲဒီတော့ နိုင်ငံတစ်နိုင်ငံမှာ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးဆိုတဲ့ စကားကို ပြောမယ်ဆိုရင် အခြေခံကျတာက ဘိန်းစိုက်ပျိုးမှုပပျောက်ရေးကပိုပြီးအခြေခံကျပါတယ်။ နောက် ကျွန်တော်တို့နိုင်ငံရဲ့ အနေအထားကိုက ဘိန်းစိုက်ပျိုးမှုနဲ့ နာမည်ကျော်ကြားတဲ့ ရွှေတြိဂံဒေသနဲ့ ဆက်စပ်တည်ရှိနေတာကြောင့် ကနဦးဆောင်ရွက်ရမယ့်လုပ်ငန်းကတော့ ဘိန်းစိုက်ပျိုးမှုပပျောက်ရေးလုပ်ငန်းပဲ ဖြစ်ပါတယ်။ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးလုပ်ငန်းကို ဆောင်ရွက်ဖို့ဆိုတာက ကိုယ့်ပြည်တွင်းမှာရှိတဲ့ ကိုယ့်နိုင်ငံသားတွေနဲ့ ကိုယ့်ပြည်တွင်းမှာရှိတဲ့အားနဲ့ပဲ ဆောင်ရွက်ရတာဖြစ်တဲ့အတွက်ကြောင့် ဒါက ကိုယ့်တစ်နိုင်ငံတည်း ဆောင်ရွက်လို့ရတဲ့ကိစ္စပါ။

မူးယစ်ဆေးဝါးကင်းစင်ပပျောက်ဖို့ ဆိုတာကတော့ ကျွန်တော်တို့ တခြားနိုင်ငံတွေနဲ့ပါ ဆက်စပ်ပြီးဆောင်ရွက်ရမယ့်ဟာမျိုးဖြစ်ပါတယ်။ ဥပမာ-ကျွန်တော် အမြဲတမ်းပြောပြောနေသလို စိတ်ကြွဆေးပြားတွေ ထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ လိုအပ်တဲ့ Precursor Chemical တွေ ကျွန်တော်တို့နိုင်ငံမှာ မရှိဘူး။ အဲဒီတော့ တခြားနိုင်ငံတွေကနေပြီးတော့ဝင်လာတယ်။ အဲဒီတော့ Precursor Chemical တွေ မရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ဆီမှာ ဒီစိတ်ကြွဆေးပြားဆိုတာ ထုတ်လုပ်လို့ မရပါဘူး။ အဲဒီတော့ အဲဒီဆေးပြားတွေ အန္တရာယ်ကို တားဆီးကာကွယ်ဖို့ဆိုတာ ကျွန်တော်တို့ နိုင်ငံတစ်ခုတည်း လုပ်လို့ မရပါဘူး။ အခြားနိုင်ငံပါ ပူးပေါင်းပါဝင်မှ ရပါတယ်။

အဲဒါကြောင့်မို့လို့ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ဖို့ဆိုတာဟာ ကိုယ့်နိုင်ငံ တစ်နိုင်ငံတည်းလုပ်လို့ ရတာမဟုတ်တဲ့အတွက်ကြောင့် ကနဦးအဆင့်ကတော့ ကျွန်တော်တို့ ဘိန်းပပျောက်ရေးကစရမယ်။ နောက်မှ တစ်ဆင့်တက်ပြီးတော့ ကျွန်တော်တို့ မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရေးက စရမယ့်ကိစ္စဖြစ်ပါတယ်။ ကနဦးလက်တွေ့ကျကျကတော့ ကျွန်တော်တို့ ဘိန်းစိုက်ပျိုးမှု ကင်းစင်အောင်လုပ်မယ်။ နောက်တစ်ဆင့်တက် အဖြစ် မူးယစ်ဆေးဝါး ပပျောက်ရေးလုပ်ငန်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျိန်းသေလဲ ဖြစ်မြောက်အောင် ကျွန်တော်တို့နိုင်ငံက ဆောင်ရွက်သွားမယ်လို့ သန္နိဋ္ဌာန်ချထားတဲ့ ရည်မှန်းချက်တာဝန် ဖြစ်ပါတယ်။ကျေးဇူးတင်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး ပြန်လည် ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

ဦးမြတ်ခိုင် (ကောင်းသတင်းဂျာနယ် နှင့် မဟာသတင်းဂျာနယ်)

ကျွန်တော်သိလိုတဲ့ အချက်(၂)ခုရှိပါတယ်။ တစ်ခုကတော့ ဦးမိန်းစင်နဲ့အဖွဲ့ တောပြန်ခိုသွားတယ်ဆိုတာ ဟုတ်ပါသလား။ ဟုတ်တယ်ဆိုရင် ဘာကြောင့် တောပြန်ခိုတာပါလဲ။ ဒါမှမဟုတ် နိုင်ငံရေးလှည့်ကွက်များလား။ အဲဒါသိလိုပါတယ်။ တချို့က ပြည်ပမီဒီယာတွေက ဦးမိန်းစင်တို့အဖွဲ့ဟာ အင်အားအနည်းငယ်နဲ့ ဝင်ရောက်လာခဲ့တာဖြစ်ပြီး ကျန်တဲ့အင်အားတွေဟာ ဒေသခံတွေကို ယူနီဖောင်းဝတ်ပေးပြီး သိမ်းဆည်းထားတဲ့ လက်နက်တွေနဲ့ ဟန်ပြလုပ်ခဲ့တယ်လို့ စွပ်စွဲနေတာနဲ့ပတ်သက်လို့လဲ သိလို့ရရင် သိလိုပါတယ်။

ကောင်းသတင်းဂျာနယ်နှင့်မဟာသတင်းဂျာနယ်မှ ဦးမြတ်ခိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

နောက်သိချင်တဲ့ မေးခွန်းတစ်ခုကတော့ အခုရွက်ဆစ်ရဲ့ မူးယစ်ဆေးဝါးကိစ္စကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန်ခဲ့တဲ့ 'ဝ' ဒေသ ပန်ဆန်းဟာ အရင်တုန်းက ဗကပတွေ စိုးမိုးခဲ့တဲ့ဒေသလို့ ကျွန်တော်တို့ သိရပါတယ်။ ယခု မြန်မာ့နိုင်ငံရေးကို လက်ကျန် ဗကပတွေဟာ ထိုးနှက်တိုက်ခိုက်နေတယ်လို့ သိရပါတယ်။ အဲဒီ လက်ကျန်ဗကပတွေဟာ ဘယ်ဒေသမှာ အခြေပြု လှုပ်ရှားနေပါသလဲ။ သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း

ကောင်းပါပြီ ဦးမြတ်ခိုင်။ ဦးမိန်းစင်နဲ့အဖွဲ့ အင်အား ၈၀၀ ကျော်နဲ့ ၈၄၈ ယောက်လို့ ကျွန်တော်မှတ်မိပါတယ်။ အဲဒီ ၈၀၀ ကျော်နဲ့ ဝင်လာတာဟာ သူ့ရဲ့တကယ့်အင်အားများ ဖြစ်ပါတယ်။ သူတို့စွပ်စွဲသလို အရပ်သားတွေကို ယူနီဖောင်းဝတ်ပြီးတော့မှ ဝင်လာတာမဟုတ်ပါဘူး။

နောက်နံပါတ်နှစ်ဖြစ်တဲ့ ဦးမိန်းစင် တောပြန်ခိုသွားတယ်ဆိုတာ မမှန်ပါဘူး။ မှားယွင်းတဲ့သတင်းများ ဖြစ်ပါတယ်။ ဦးမိန်းစင်ဟာ အခုသူ့ရဲ့ဒေသမှာပဲ ရှိနေပါတယ်။ သက်ဆိုင်ရာဒေသအာဏာပိုင်များနဲ့လဲ အမြဲတမ်းအဆက်အသွယ်ရှိနေပါတယ်။ ပြီးရင် ဦးမိန်းစင်အဖွဲ့ဝင်တွေ နေဖို့ရာအတွက် ဝမ်ပန်နဲ့နားပွဲမှာ အဆောက်အအုံတွေ ဆောက်လုပ်နေပြီဖြစ်ပါတယ်။ သူတို့ရဲ့ အစားအသောက်အတွက်လဲ ရိက္ခာတွေ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ ဒါ့အပြင်လဲပဲ ရေရှည်ရပ်တည်နိုင်ဖို့ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်နိုင်အောင်အတွက်လဲ ကူညီဆောင်ရွက်ပေးလျက်ရှိတယ်လို့ ဖြေကြားလိုပါတယ်။ ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲတွေမှာ ကျွန်တော်ရှင်းပြခဲ့သလိုပဲ သောင်းကျန်းသူများရဲ့ အခိုင်အမာ စခန်းမရှိပါဘူး။ ကနေ့ ဗကပရဲ့ အခြေအနေကို ပြောရရင် ဗကပယူဂျီ အနည်းအပါးမှအပ လက်နက်ကိုင်တပ်ဖွဲ့ မရှိပါဘူး။ ဒါကြောင့်မို့ ဗကပဟာ ကနေ့အခါမှာ ယူဂျီလုပ်ငန်းလောက်ကိုသာ လုပ်ကိုင်နိုင်ပြီးတော့ မည်သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုလည်းကောင်း၊ နိုင်ငံတော်ကိုလည်းကောင်း လက်နက်စွဲကိုင်တိုက်ခိုက်နိုင်ခြင်း မရှိပါဘူးလို့ ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဦးညွန့်တင်(ဖူဂျီတီဗွီသတင်းဌာန)

ဖူဂျီတီဗွီသတင်းဌာနမှ ဦးညွန့်တင် မေးမြန်းစဉ်။ (သတင်းစဉ်)

ပြီးခဲ့တဲ့ သတင်းစာရှင်းလင်းပွဲများမှာ မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းမှု၊ အစားထိုးသီးနှံ စိုက်ပျိုးမှုအကြောင်းများ သိရှိရပြီး ပြန်လည်ထူထောင်ရေး ကိစ္စအကြောင်း သိပ်မသိရပါ။ နိုင်ငံတိုင်းမှာ ဆေးစွဲသူဆိုတာရှိပါတယ်။ သတင်းစာဂျာနယ်များမှာပါတဲ့ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုကိစ္စများ ကိုကြည့်ရင် ဆေးသုံးစွဲသူ၊ ဆေးစွဲသူများရှိနေလို့ဖြစ်ကြောင်း သိနိုင်ပါတယ်။ ဒါ့ကြောင့် ဆေးစွဲသူများကို ပြန်လည်ထူထောင်ရေးအကြောင်း သိလိုပါတယ်။

ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ၁၉၉၃ခုနှစ်မှာ ထုတ်ပြန်တဲ့ မူးယစ်ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဥပဒေမှာကိုက မူးယစ်ဆေးစွဲတဲ့ပုဂ္ဂိုလ်တွေဟာ မူးယစ်ဆေးစွဲကြောင်း မှတ်ပုံတင်ရမယ်။ ပြီးတော့ ကုသမှုခံယူရမယ်။ ပြီးရင် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်အတိအလင်းပါရှိပါတယ်။ ၁၉၈၉ ခုနှစ် ဇွန်လလောက်မှာ NGO အားလုံးပါဝင်တဲ့အဖွဲ့နဲ့ ကျွန်တော်တို့ Base Line Data ဆိုပြီးတော့ နိုင်ငံအတွင်းမှာ မူးယစ်ဆေးစွဲသူစာရင်းကောက်ပါတယ်။ အဲဒီတုန်းက ကျွန်တော်မှတ်မိလိုက်တာက မူးယစ်ဆေးစွဲသူစုစုပေါင်း ၆၆၀၀၀ ကျော်ရှိတယ်ဆိုတဲ့ စာရင်းထွက်ပါတယ်။

ဒီမူးယစ်ဆေးစွဲသူတွေနဲ့ ပတ်သက်ပြီး (93 Law) မှာ ပါတဲ့အတိုင်း ကျွန်တော်တို့ မူးယစ်ဗဟိုကနေပြီးတော့ တိုက်ရိုက်တာဝန်ယူ ဆောင်ရွက်တဲ့ ပြန်လည်ထူထောင်ရေးဌာန သုံးခုပေါ့၊ ရွှေပြည်အေး၊ ရွှေပြည်သာ၊ ရွှေပြည်သစ်၊ ရွှေပြည်အေးဆိုတာ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမှာရှိပါတယ်။ ရွှေပြည်သာဆိုတာကတော့ ဝက်ထီးကန်ဘက်မှာရှိပါတယ်။ ရွှေပြည်သစ်ဆိုတာကတော့ မူဆယ်၊ တီးမားနားမှာရှိပါတယ်။ အဲဒီနေရာတွေမှာ မူးယစ်ဆေးစွဲ မှတ်ပုံတင်တဲ့ ပုဂ္ဂိုလ်တွေကို ရက်သတ္တ ၃၆ပတ် ကာလရှိတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ကျွန်တော်တို့ သင်တန်းပေးပါတယ်။ ငါးပတ်လောက်က မူးယစ်ဆေးစွဲ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

17-8 (11).p65 1 1/1/32, 1:45 PM

ဆန်ကုန်သည်တချို့အား တိုင်းပြည်နှင့်လူမျိုးအကျိုးကိုကြည့်ပြီး မှန်မှန်တတ ဆောင်ရွက်နိုင်အောင် ခေါ်ယူညှိနှိုင်း ကိုယ်ကျိုးတစ်ခုတည်း ဆက်လုပ်နေလျှင် ပြည်သူတစ်ရပ်လုံးအတွက် ထိရောက်သောနည်းများဖြင့် ဆောင်ရွက်ရမည်

စာမျက်နှာ ၁၁ မှ

မူးယစ်ဆေးဖြတ်တဲ့ လုပ်ငန်းလုပ်ပြီးတော့ ကျန်တဲ့ ရက်သတ္တပတ်တွေက Vocational Trainingပေါ့။ မူးယစ်ဆေးစွဲပြီး နောက်ပိုင်းမှာ ဆက်ပြီးတော့ အသက်မွေးဝမ်းကျောင်းလုပ်နိုင်အောင် ဒီလိုပညာတွေသင်ပေးတဲ့လုပ်ငန်းတွေ ကျွန်တော်တို့လုပ်ပါတယ်။ အလားတူပဲ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်

ရှင်းလင်းပြောကြား

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ပြန်လည်ရှင်းလင်း ပြောကြားစဉ်။
(သတင်းစဉ်)

ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ကလဲ တိုင်းနဲ့ပြည်နယ် မြို့ကြီးတွေ၊ ရန်ကုန်တို့၊ မန္တလေးတို့ စသည်ဖြင့် ဒီလိုမြို့ကြီးတွေမှာ ဆေးဖြတ်ဌာနတွေခြောက်ခု၊ ခုနစ်ခုလောက်ဖွင့်ပြီးတော့ ဆေးဖြတ်ပေးတာလဲရှိပါတယ်။

ဆေးဖြတ်ပြီးတော့ နောက်ပိုင်းမှာ Follow Up Program ဆိုပြီးတော့ ဆေးပြတ်သွားတဲ့လူတွေကိုလဲ၊ တချို့ပြန်လည်ထူထောင်ရေးစခန်းတွေကို ရောက်မလာဘူးဆိုရင်လဲ ကျွန်တော်တို့မှာရှိနေတဲ့ NGOအဖွဲ့ အစည်းတွေပေါ့။ ဥပမာ– MANA (Myanmar Anti Narcotic Association)ပေါ့။ အဲဒီဌာနတွေ ကို၊ ဒါတွေကိုလိုက်ပြီး စာရင်းကောက်ပြီးတော့ သက်မွေးပညာတွေ၊ အသက်မွေးဝမ်းကျောင်း လုပ်လို့ရအောင်လဲ အကူအညီပေးတာတွေ၊ ဒီလို အစီအစဉ်မျိုးတွေလဲ ကျွန်တော်တို့မှာရှိပါတယ်။

အခုအခါမှာဆိုလို့ရှိရင် အထူးသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေနဲ့ ဆေးဖြတ်တဲ့လုပ်ငန်းတွေ ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ဖို့အတွက် ဆေးဖြတ်စခန်းတွေကိုလာပြီးတော့ ဆေးဖြတ်ဖို့ မလိုအောင် Community Base ပေါ့။ သက်ဆိုင်ရာ ကျေးရွာတွေမှာ ဆေးဖြတ်စခန်းတွေဖွင့်ပြီးတော့ ကိုယ့်အစီအစဉ်နဲ့ကိုယ် ဆေးဖြတ်တဲ့လုပ်ငန်းတွေလဲ ကျွန်တော်တို့ ဆောင်ရွက်ပေးပါတယ်။ ဆိုလိုတဲ့ သဘောကတော့ ကျွန်တော်တို့မှာ မူးယစ်ဥပဒေစကတည်းက ဆေးစွဲသူရဲ့မှတ်ပုံတင်ရမယ်၊ ဆေးဖြတ်ရမယ်၊ ပြီးရင် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ်လုပ်ပေးရမယ် ဆိုတဲ့ မူဝါဒရှိပြီးသားဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့နိုင်ငံအနေနဲ့ အလေးထားပြီး ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားလိုပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး

ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ဆေးစွဲသူများကို ကုသမှုပေးရသော တာဝန်ရှိပါတယ်။ မူးယစ်(ဗဟို)(CCDAC)လက်အောက်မှာ ဖွဲ့စည်းထားသော ဆေးစွဲသူများအား ဆေးဖြတ်ကုသရေး ဆပ်ကော်မတီရဲ့ ဥက္ကဋ္ဌဖြစ်ပါတယ်။ ရဲချုပ် ရှင်းလင်းခဲ့သလိုပါပဲ။ ၁၉၇၄ ခုနှစ်မှ ယနေ့ထိ မူးယစ်ဆေးစွဲသူပေါင်း ၆၇၀၀၀ ခန့် ရှိပါတယ်။ ကျွန်တော်တို့ ဆပ်ကော်မတီအနေနဲ့ ဆေးဖြတ်ဌာနပေါင်း ၂၆ ခု တည်ထောင်ထားပါတယ်။ စိတ်ရောဂါဆရာဝန် Psychiatrist များကိုယ်တိုင် ဆေးဖြတ်ဌာနများ၌ ကြီးကြပ်ကုသပေးပါတယ်။ ဤသို့ ဆေးဖြတ်ဌာနကြီး ၂၆ ခု အပြင် ဆေးဖြတ်ဌာနငယ်ပေါင်း ၄၀ လဲရှိပါတယ်။ ရဲချုပ်ကြီး ပြောခဲ့သလို ဆေးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်းသုံးခုလဲ ဖွင့်လှစ်ထားပြီး အသက်မွေးဝမ်း ကျောင်းပညာများ သင်ကြားပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ လူမှုရေးပိုင်းဆိုင်ရာ ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးပါတယ်။

ဒါ့အပြင် Community Level လူထုအကြားမှာလဲ ကျွန်တော်တို့ရဲ့ ဆရာဝန်များက ကျေးရွာအဆင့်များမှာ ဆေးစွဲလူနာများကို ကုသစောင့်ရှောက်ပေးပါတယ်။ ထို့အပြင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလဲ ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ပေးနေပါတယ်။ မူးယစ်ဆေးစွဲသူများရဲ့ ၄၀–၅၀ ရာခိုင်နှုန်းခန့်ဟာ HIV ကူးစက်ခံကြရပါတယ်။ UNODC၊ အခြား NGO များနှင့် ကျွန်တော်တို့ ပူးပေါင်းကြိုးပမ်းမှုကြောင့် ဆေးစွဲသူများတွင် HIV ကူးစက်ခံရမှုကို ၃၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီဖြစ်ပါတယ်။ နောက်တစ်ချက်ကလဲ National AIDS Programအမျိုးသား အေအိုင်ဒီအက်စ် တားဆီးရေးအစီအစဉ်အရလဲ ရောဂါကူးစက်ခံရမှုရှိမရှိ မိမိဆန္ဒအရ အစစ်ဆေးခံလိုက စစ်ဆေးပေးခြင်း၊ ကွန်ဒုံးများ အခမဲ့ဝေခြင်းများ ဆောင်ရွက်ပေးနေပါတယ်။ HIV ကူးစက်ခံရသူများအနက် လိင်မှတစ်ဆင့် ကူးစက်ခံရသူ ၆၀ ရာခိုင်နှုန်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကူးစက်ခံရသူ ၂၀ မှ ၃၀ ရာခိုင် နှုန်းရှိကြောင်း ဖြေကြားလိုပါတယ်။

ပြန်လည်ရှင်းလင်း

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ပြန်လည်ရှင်းလင်း ဖြေကြားစဉ်။
(သတင်းစဉ်)

ဒေါ်ဆင့်ဆင့်အောင် (NTVသတင်းဌာန)

NTVမှ ဆင့်ဆင့်အောင်ပါ။ ဒီနေ့မူးယစ်ဆေးဝါးမိတဲ့ဥစ္စာကို ပြောသွားရာမှာ တာချီလိတ်ရဲ့ မြို့လယ်ကောင်မှာမိတာကို သိရပါတယ်။ အခုလိုမျိုး တခြားဘယ်မြို့နယ်တွေမှာ ရှိပါသေးသလဲ၊ ဘယ်လို တားဆီးကာကွယ်သွားမှာလဲ သိချင်ပါတယ်ရှင့်။

ဒုတိယမေးခွန်းကတော့ ဒီနေ့ (၆)ကြိမ်မီးရှို့ဖျက်ဆီးရာမှာ ဒီနေ့အထိ ဖျက်ဆီးတဲ့ မူးယစ်ဆေးဝါးတန်ဖိုးရဲ့ စုစုပေါင်းငွေကို သိချင်ပါတယ်ရှင့်။

NTV သတင်းဌာနမှ ဒေါ်ဆင့်ဆင့်အောင် မေးမြန်းစဉ်။
(သတင်းစဉ်)

ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ

မူးယစ်ဆေးဝါး စိတ်ကြွဆေးပြား လုပ်တဲ့စက်ကို ကျွန်တော်တို့ ၂၀၀၆ခုနှစ် ဇွန်လ ၂၆ရက်က တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်မှာမိတာ ရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ မြို့လယ်ကောင်မှာမိတာဆိုတော့ အခြားမြို့နယ်တွေမှာ ဒါမျိုးမိသလားဆိုရင် အခုအချိန်ထိတော့ ကျွန်တော်တို့ မိတာမရှိသေးပါဘူး။

သို့သော်လဲပဲ တာချီလိတ်မြို့လယ်ကောင်မှာမိတဲ့ ဖြစ်စဉ်မျိုးလို အခြားမြို့ကြီး ပြကြီးတွေမှာလဲ အခုလိုပဲ ဒီမူးယစ်ဆေးဝါးနဲ့ ပတ်သက်ပြီးတော့ အထူးသဖြင့် စိတ်ကြွဆေးပြားနဲ့ပတ်သက်တဲ့ ဒီလိုစက်မျိုးတွေဟာ ဒီမြို့လယ်ကောင်လိုနေရာမျိုးမှာ ရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ တခြားနိုင်ငံတွေမှာလဲ အခုလို ဒီလိုစိတ်ကြွဆေးပြားလုပ်တဲ့စက်မျိုးဟာ ဒီမြို့လယ်ကောင်တွေမှာ လုပ်ကြ ကိုင်ကြလို့ မိခဲ့ဖူးတဲ့အစဉ်အလာတွေ ရှိပါတယ်။ တကယ်တော့ ဒီစိတ်ကြွဆေးပြား၊ အထူးသဖြင့် မူးယစ်ဆေးဝါးမှာ စိတ်ကြွဆေးပြားလုပ်တဲ့လုပ်ငန်းဟာ မြေကျယ်ကျယ် သိပ်ပြီးတော့ မလိုဘဲနဲ့ ၁၀ပေ ပတ်လည်လောက်ရှိတဲ့ အခန်းတစ်ခန်းမှာပဲ လုပ်လို့ကိုင်လို့ရတဲ့အတွက်ကြောင့် အခုလို မြို့လယ်ကောင်မှာရှိနိုင်တယ်ဆိုတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။

သို့သော်လဲပဲ ကျွန်တော်တို့အနေနဲ့ ဒါနဲ့ပတ်သက်ပြီးတော့ ကာကွယ်တားဆီးရေးလုပ်ငန်းတွေကို ကျွန်တော်တို့ ကြိုတင်စဉ်းစားထားပြီး ဖြစ်ပါတယ်။ ကာကွယ်တားဆီးရေး လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ တားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်တွေအပိုင်းကတော့ စောင့်ကြည့်ပါတယ်။ ဥပမာ စိတ်ကြွဆေးပြားလုပ်မယ်ဆိုရင် အနည်းဆုံး Precursor Chemical(၁၄)မျိုးလောက်လိုတာကို အဲဒီတော့ Precursor Chemicalတွေ ဒီနေရာမှာ လာပြီးတော့ပို့ရမယ်၊ ဒီနေရာမှာ အဝင်အထွက်တွေများမယ် ဒုတိယအချက်က ဒီစိတ်ကြွဆေးပြားတွေ ချက်မယ်ဆိုလို့ရှိရင် အပူချိန်အများကြီးသုံးရမယ်။ အဲဒီတော့ လျှပ်စစ်ဓာတ်တွေ ဒီသုံးမယ့်နေရာမှာ မီတာတွေ အများကြီးသုံးပြီး သားဖြစ်နေရမယ်။ နောက်တစ်ချက်က ဒီနေရာဟာ မီးခိုးတွေအများကြီးထွက်တဲ့နေရာဖြစ်မယ်။ နောက်ပြီး ဒီဆေးပြားတွေ ချက်နိုင်ဖို့အတွက် ရေတွေအများကြီး သုံးရတယ်။ ဒါကြောင့် ဒီနေရာဟာ ရေများများသုံးတဲ့ဒေသ ဖြစ်နေမယ်။ နောက်ပြင်းထန်တဲ့ အနံ့တွေ ဒီနေရာကနေ ထွက်နေမယ်။ ဒီလို အချက်အလက်တွေကိုကြည့်ပြီးတော့ ကျွန်တော်တို့ တားဆီးနှိမ်နင်းရေး အဖွဲ့တွေကတော့ ဒီနေရာဟာ စိတ်ကြွဆေးပြားတွေ လုပ်တဲ့နေရာဖြစ်နိုင်တယ် ဆိုပြီးတော့ ဖော်ထုတ်လို့ ရပါတယ်။ အလားတူပဲ အခုလို အချက်မျိုးတွေကို ကျွန်တော်တို့ ပြည်သူတွေကို အသိပေးခြင်းအားဖြင့်လဲ ပြည်သူတွေက ပူးပေါင်းပါဝင်မယ်ဆိုရင် မြို့ကြီးပြကြီးတွေမှာ၊ ဒီလိုမြို့လယ်ကောင်မှာ ဒီလိုရှိတဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့ လွယ်လွယ်ကူကူဖော်ထုတ်သွားနိုင်မယ့် အနေအထားဖြစ်ပါတယ်။

ဒုတိယမေးခွန်းနဲ့ပတ်သက်ပြီး ဖြေရရင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိတဲ့ မူးယစ်ဆေးဝါးများကို (၆)ကြိမ်အထိ မီးရှို့ဖျက်ဆီးခဲ့ရာမှာ စုစုပေါင်းခန့်မှန်းတန်ဖိုးအနေနဲ့ အမေရိကန်ဒေါ်လာ ၁၉၇၂သန်းခန့် တန်ဖိုး ရှိပါတယ်။

ဦးကိုကို (ဖလားဝါးနယူးစ်ဂျာနယ်နှင့် ရန်ကုန်တိုင်းမ်ဂျာနယ်)

ကျွန်တော် ဒီနေ့မေးခွန်းလေး သုံးခုလောက်ရှိပါတယ်၊ နံပါတ်(၁)ကတော့ ၂၀၀၅ ခုနှစ်မှာ ကျွန်တော်တို့ ‘ဝ’ ဒေသကို ဘိန်းကင်းစင် နယ်မြေဆိုပြီးတော့ ပြောတာကြားပါတယ်၊ အဲဒါဟုတ်ပါသလား၊ ဟုတ်တယ်ဆိုရင် ဘိန်းကင်းစင် နယ်မြေ ဆိုတဲ့ဟာကို ဘယ်လိုအချက်တွေ အပေါ်မှာ အခြေခံပြီးတော့ သတ်မှတ်ထားပါသလဲဆိုတာ သိချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုနက ရှင်းပြသွားတဲ့ ဘိန်းချက်စခန်းဟာ ကျွန်တော့်စိတ်ထင် ‘ဝ’ နယ်မြေထဲမှာပဲ ရှိနေတယ်လို့ထင်ပါတယ်။

နံပါတ်(၂)မေးခွန်းကတော့ ခုတလော ရန်ကုန်မှာ ကွန်ပျူတာ ဆက်စပ်ပစ္စည်းတွေနဲ့ အီလက်ထရွန်နစ်ပစ္စည်းတွေဟာ ဈေးကွက်မှာ ပြတ်သလောက်ဖြစ်တဲ့အခါမှာ ကျွန်တော်တို့ မေးကြည့်တော့ ဆိပ်ကမ်းမှာ ကွန်တိန်နာတွေ မထုတ်နိုင်ဘူး ဆိုပြီးတော့ ပြောကြ ဆိုကြတဲ့အသံ ကြားပါတယ်။ အဲဒီဟာနဲ့ ပတ်သက်ပြီးတော့ တကယ် ကွန်တိန်နာတွေ မထုတ်နိုင်တာလား၊ မထုတ်နိုင်ဘူးဆိုရင် ကျွန်တော်တို့ အကောက်ခွန်ပိုင်းဆိုင်ရာ ဘယ်လို အခက်အခဲတွေများ ရှိနေပါသလဲ ဆိုတာ သိချင်ပါတယ်။ အဲဒါနဲ့ တစ်ဆက် တစ်စပ်တည်းပဲ အကောက်အခွန်နဲ့ ပတ်သက်တဲ့ အရေးယူမှု တချို့ ပြုလုပ်ထားတယ်ဆိုတဲ့ အနေအထားကိုလဲ သိခွင့်ရရင်သိချင်ပါတယ်။

နောက်ဆုံး မေးခွန်းကတော့ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက ကျွန်တော်တို့အိမ်နီးချင်း ထိုင်းနိုင်ငံမှ Caretaker Prime Ministerမစ္စတာ သက်ဆင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့တယ်ဆိုတာလဲ သိရပါတယ်၊ အဲဒီခရီးရဲ့ အခြေအနေလေးများ သိခွင့်ရရင် သိချင်ပါတယ်ခင်ဗျ။

ဖလားဝါးနယူးစ် ဂျာနယ်နှင့် ရန်ကုန်တိုင်းမ်ဂျာနယ်မှ ဦးကိုကို မေးမြန်းစဉ်။
(သတင်းစဉ်)

ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ

ဦးကိုကိုမေးတဲ့ မေးခွန်းမှာ ၂၀၀၅ ခုနှစ်က ကျွန်တော်တို့ ဒီ ‘ဝ’ ဒေသအတွက် Opium Free လို့ သတ်မှတ်ခဲ့တာဘယ်အချက်တွေအရ သတ်မှတ်တာလဲဆိုတော့ နံပါတ်(၁) က အဲဒီ ‘ဝ’ဒေသ အထူး(၂) ဒေသမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ ကိုယ်တိုင်က ၂၀၀၅ ခုနှစ် ဇွန်လမှာတော့ သူတို့ဒေသ Opium Freeဖြစ်ပါပြီလို့ တရားဝင် Declare လုပ်ပါတယ်၊ အဲဒီအတွက်လဲ စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်တွေ၊ နောက်ပြည်ပပုဂ္ဂိုလ်များရော လာရောက်ကြည့်ရှုနိုင်ကြောင်း တရားဝင် ဖိတ်ခေါ်တယ်ဆိုတဲ့အချက်က ဒါအခိုင်အမာ သက်သေပြတဲ့ အချက်တစ်ခုပါ။

ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုနဲ့ ပတ်သက်ပြီးတော့ တိုင်းတာတဲ့စနစ် နှစ်ခုရှိပါတယ်။ ပထမတစ်ခုကတော့UNODC အဖွဲ့က ကျွန်တော်တို့မူးယစ်အထူးအဖွဲ့တွေနဲ့ ပေါင်းပြီးတော့ မြေပြင်မှာ ကွင်းဆင်းတိုင်းတာပါတယ်။ အဲဒီတွေ့ရှိချက်တွေကို ကျွန်တော်တို့ ကမ္ဘာကို ထုတ်ပြန်ပါတယ်။ ဒါတစ်နည်းပါ။

နောက်တစ်နည်းကတော့ အမေရိကန် CNC ပေါ့၊ Counter Narcotic and Crime အဲ့ဒီအဖွဲ့ကနေပြီးတော့ ဘိန်းစိုက်တဲ့ Hot Spot ဧရိယာတွေကို ရွေးချယ်ပြီးတော့ Satellite ကနေတစ်ဆင့် တိုင်းထွာတွက်ချက်ပြီးတော့ ဘယ်နေရာမှာဖြင့် ဘိန်းစိုက်တယ်၊ ဘယ်လောက် ဘိန်းထွက်နိုင်တယ် စသည်ဖြင့် ဒီခန့်မှန်းခြေ စာရင်းဇယားအတိုင်း ကမ္ဘာကို ထုတ်ပြန်ပါတယ်။ တရားဝင်ထုတ်ပြန်တဲ့ ထုတ်ပြန်မှုလုပ်တဲ့ ဒီအဖွဲ့အစည်း နှစ်ခုရဲ့ ထုတ်ပြန်ချက်တွေမှာကိုက ၂၀၀၅ခုနှစ်မှာ ဒီကာလမှာ ကျွန်တော်တို့ တစ်နိုင်ငံလုံးမှာ ဘိန်းစိုက်ပျိုးမှုကျနေတယ်၊ ‘ဝ’ဒေသမှာလဲ ဘိန်းစိုက်ပျိုးမှု ကင်းစင်ပါတယ်ဆိုပြီး သူတို့တရားဝင်ကြေညာပါတယ်။ ယခု ၂၀၀၆ခုနှစ် UNODCရဲ့ တိုင်းထွာချက်တွေကိုလဲ တရားဝင်ထုတ်ပြန်မှုမရှိသေးသော်လဲပဲ ကျွန်တော်တို့သိရတဲ့ ဥစ္စာကတော့ အဲဒီဒေသမှာ ဘိန်းစိုက်ပျိုးမှုဟာ ၁၀၀ ရာခိုင်နှုန်း ကင်းစင်တယ်။ ဒါ ကျွန်တော်တို့ အကြမ်းဖျင်းသိထားရပါတယ်။ ဒါကြောင့် ဒီဒေသဟာ ဘိန်းကင်းစင်တဲ့ ဒေသလို့ သတ်မှတ်နိုင်ပါတယ်။

နောက်အချက်က ဒီ‘ဝ’အထူးဒေသအနေနဲ့ သူတို့ဒေသမှာ ဘိန်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီးတော့ လာပြီးတော့တိုင်းပေးပါ၊ လာပြီးကြည့်ပေးပါ ဆိုပြီးတော့ တရုတ်ပြည် NNCC ပေါ့။ (National Narcotic Control Commission)အဲဒီအဖွဲ့ကို ဖိတ်ခေါ်ပြီးတော့ လာပြီးတော့ တိုင်းခိုင်းပါတယ်။ အဲဒီအဖွဲ့ကလဲ ဒီဒေသမှာ ဘိန်းမရှိဘူးလို့ သူတို့ တရားဝင် ကြေညာပါတယ်။

နောက်ပြီး ကျွန်တော်တို့ Rapid Accessment လို့ခေါ်ပါတယ်။ လျှပ်တစ်ပြက် တိုင်းတာတဲ့ နည်းတွေ စနစ်တွေအရလဲ ဒီဒေသမှာ ဘိန်းစိုက်ပျိုးမှုဟာ ကင်းစင်ပါတယ်။ ကျွန်တော် စောစောက တင်ပြခဲ့တဲ့ အချက်တွေနဲ့ပြန်ပြီး တိုင်းထွာမယ်ဆိုရင် ‘ဝ’ဒေသမှာ သက်ဆိုင်ရာ တိုင်းရင်းသားခေါင်းဆောင်များက ကြေညာခဲ့သလို ၂၀၀၅ခုနှစ် ဇွန်လသည် သူတို့ဒေသမှာ Opium Freeဆိုတာက ခိုင်မာတဲ့ သက်သေပြမှုတစ်ခုဖြစ်ပါတယ်ဆိုတာ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်။ နောက်ပြီးတော့ ခမ်းပါဆိုတာ

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

စည်းရုံးရေးနည်းလမ်း၊ အုပ်ချုပ်မှုနည်းလမ်းနှင့် ဆောင်ရွက်ခဲ့ ဆန်ဈေးနှုန်း ပုံမှန်အနေအထားပြန်ရောက်ပြီး တည်ငြိမ်နေပြီဖြစ်

စာမျက်နှာ ၁၂ မှ

'ဝ'ဒေသထဲမှာ မပါပါဘူး၊ မရှိပါဘူး။ ကျွန်တော်မီးရှို့ပွဲမှာ ရှင်းလင်းခဲ့သလိုပဲ SSA-S ရဲ့ခြေကုပ်ဖြစ်တဲ့ လွယ်တိုင်းလျှံနဲ့ သုံးနာရီခွဲခရီးလောက်၊ အဲဒီ SSA-Sရှက်ဆစ်အဖွဲ့ရဲ့ ကာကင်းထုတ်တဲ့နေရာနဲ့ တစ်နာရီသာသာလောက် ခရီးနေရာမှာရှိတဲ့ နေရာမှာ ဖြစ်ပါတယ်။ 'ဝ'ဒေသထဲမှာရှိတဲ့ နေရာမဟုတ်ပါဘူး။ ကျေးဇူးတင်ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး

ကွန်တိန်နာတွေရဲ့ အနေအထားအခြေအနေနဲ့ ပတ်သက်လာရင် ပထမဆုံး ပြောနိုင်တာကတော့ ကွန်တိန်နာတွေ အထုတ်ခက်နေတယ်ဆိုတာ မဟုတ်ပါဘူး။ လာမထုတ်တာဘဲ ဖြစ်ပါတယ်။ စိတ်ဝင်စားမယ် ဆိုလို့ရှိရင် မေးကြည့်လိုက်ပါ။ သူတို့အပိုင်းတွေကို အဲဒီမှာ သူတို့ကုန်သည်တွေရှိပါတယ်။ အေးဂျင့်တွေ ရှိပါတယ်။ ဝန်ထမ်းတွေရှိပါတယ်။ သူတို့က အပိုလိုင်းဆိုတာ တစ်မျိုးရှိပါတယ်။ နောက်တစ်ခါ အရောလိုင်းဆိုတာ တစ်လိုင်းရှိပါတယ်။ နောက်တစ်ခါ အလွှဲလိုင်းဆိုတာ တစ်လိုင်းရှိပါတယ်။ အဲဒီ အပို၊ အရော၊ အလွှဲတွေနဲ့ ရှုပ်နေတဲ့အခါမှာ ဒီလို ကောလာဟလ ထွက်လာခြင်းပဲ ဖြစ်ပါတယ်။ လက်ရှိမှာ ကျွန်တော်တို့ Customဥပဒေအရ၊ တရားဥပဒေအရကို ကျွန်တော်တို့က ရက်ပေါင်း ၆၀ (နှစ်လ)စောင့်ပေးပါတယ်။ အဲဒီလို နှစ်လစောင့်ပေးတာကို အကြောင်းကြောင်းကြောင့် လာမထုတ်တာဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ကို အခုပေးထားတဲ့မူက လာထုတ်လို့ရှိရင် တစ်ပတ်အတွင်း ထုတ်ပေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဆီက အခက်အခဲကြောင့် လာမထုတ်ရဘူးဆိုတာ မဟုတ်ပါဘူး။ သူတို့ကိုယ်တိုင်ကိုယ်ကကို အရှုပ်ရှိနေလို့ လာမထုတ်ခြင်းသာ ဖြစ်ပါတယ်။ လာမရွေးတာတွေအားလုံးကတော့ လတ်တလောမှာ ၁၀၀ ကျော်လောက်ရှိပါတယ်။ နောက်တစ်ခုက ခုနက အကောက်ခွန်ဝန်ထမ်းကိစ္စနဲ့ ပတ်သက်လို့တော့ ကျွန်တော်တို့ စိစစ်နေဆဲဖြစ်ပါတယ်။ ပြောနိုင်တဲ့အချိန်ကျရင် ကျွန်တော်တို့ပြောပါ့မယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

မကြာခင်က ထိုင်းနိုင်ငံရဲ့ ဝန်ကြီးချုပ် ဒေါက်တာသက်ဆင် မြန်မာနိုင်ငံကို လာပါတယ်။ လာပြီးတော့ နိုင်ငံတော်အကြီးအကဲ အပါအဝင် ငါးဦးစလုံးနဲ့အတူ Callတွေ့ပါတယ်။ အဲဒီ Callမှာကတော့ နှစ်နိုင်ငံအကျိုးတူကိစ္စများကို ညှိနှိုင်းဆွေးနွေးခဲ့တာဖြစ်ပါတယ်လို့ ဖြေလိုပါတယ်။

ဦးအောင်လှထွန်း(ရိုက်တာသတင်းဌာန)

ရန်ကုန်မှာ တလောက ဆန်ကုန်သည်ကြီးတချို့ကို ခေတ္တခေါ်ယူထားတယ်လို့ သိရပါတယ်။ သူတို့ရဲ့ အနာဂတ်နဲ့ပတ်သက်လို့ ဘယ်လိုများ အစီအစဉ်ရှိလဲဆိုတာ သိပါရစေ။



ရိုက်တာသတင်းဌာနမှ ဦးအောင်လှထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကောင်းပါပြီ ဦးအောင်လှထွန်း။ အဲဒီတော့ ခုတလောက ဆန်ကုန်သည်ကြီး တချို့ကို ခေါ်ယူထားတယ်ဆိုတာဟာ သူတို့ကိစ္စ၊ သူတို့အကျိုးတစ်ခုတည်းပဲ လုပ်တာမျိုး မဟုတ်ဘဲနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးကိုပါ မျှမျှတတဖော်ဆောင် ဆောင်ရွက်နိုင်အောင် ပေါင်းစပ်ညှိနှိုင်းဖို့ ခေါ်ယူတာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အရေးယူဖို့ ခေါ်ယူထားတာ မဟုတ်ပါဘူး။ ဒါပေမယ့်လဲ အဲဒီဆန်နဲ့စပါးကို အများအပြား သိုလှောင်ပြီးတော့ ဈေးကစားတဲ့ ကုန်သည်ကြီးများအနေနဲ့ သူတို့ရဲ့အကျိုး တစ်ခုတည်းကိုသာ ကြည့်ပြီးတော့ ဒီအတိုင်း ဒီအတိုင်းပဲဆက်လုပ်နေမယ်ဆိုရင်တော့ ဒီထက်ထိရောက်တဲ့ ကြပ်မတ်ဆောင်ရွက်မှုမျိုးတွေနဲ့ ဆောင်ရွက်ရမှာပဲဖြစ်တယ်ဆိုတာကို ပြောကြားလိုပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ပြည်သူအားလုံးနဲ့ ကျယ်ကျယ်ပြန့်ပြန့် သက်ဆိုင်နေတာဖြစ်တဲ့အတွက် ကျွန်တော် ဒါကိုအနည်းငယ်ဆက်ပြီးတော့ ပြောလိုပါတယ်။ ကုန်ဈေးနှုန်းဟာ ယေဘုယျအားဖြင့် Demand and Supply ဝယ်လိုအားနဲ့ ရောင်းလိုအားပေါ် မူတည်ပြီးတော့မှ အတက်အကျဖြစ်ရတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ အခြေအနေကို ပြန်ကြည့်ရင် ကနေ့အခါမှာ နိုင်ငံတော်အကြီးအကဲက**"ဒို့နိုင်ငံမှာ ဝမ်းစာစပါးဖူလုံအောင် စိုက်ပျိုးထုတ်လုပ် ကြရမယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖူလုံရုံသာမကဘဲနဲ့ ပြည်နယ်၊ တိုင်းအသီးသီးဟာ မိမိတို့ဒေသအလိုက်လဲ ဝမ်းစာစပါးဖူလုံအောင် စိုက်ပျိုးထုတ်လုပ်ရမယ်"** ဆိုပြီးတော့ လမ်းညွှန်ကြပ်မတ်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို လမ်းညွှန်ကြပ်မတ်ဆောင်ရွက်ခဲ့မှုကြောင့် ကနေ့တစ်နိုင်ငံလုံး အတိုင်းအတာကိုကြည့်ရင် နှစ်စဉ်နှစ်စဉ် စပါးတင်းသန်းပေါင်း ၁၂၀၀ ကျော် ထုတ်လုပ်နိုင်ပြီ ဖြစ်ပါတယ်။ အလားတူပဲ ပြည်နယ်၊ တိုင်းအသီးသီးမှာလဲပဲ ပြည်နယ်၊ တိုင်း အများအပြားမှာ ဝမ်းစာစပါးကို ဖူလုံအောင်ထုတ်လုပ်နိုင်နေကြပြီ ဖြစ်ပါတယ်။

ဥပမာ–အခု ရှမ်းအရှေ့ပိုင်းလို့ခေါ်တဲ့ ကျိုင်းတုံဒေသကိုကြည့်ရင် ၂၀၀၂ ခုနှစ်တစ်ဝိုက်လောက်အထိ ဒေသဝမ်းစာစပါးဖူလုံခြင်းမရှိပါဘူး။ သို့သော်လဲ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ Extensive Methodစိုက်ဧကကို တိုးချဲ့ပြီးတော့စိုက်တယ်။ Intensive Methodအရင်တုန်းက စိုက်နေကျမျိုးဟာ ကျွန်တော်မေးပြီး လေ့လာကြည့်တော့ တစ်ဧကမှာ ဒီတစ်ဝိုက်မှာစိုက်တဲ့မျိုးဟာ စပါးတင်း ၂၀၊ ၃၀ ဒီလောက်ပဲထွက်တယ်လို့ သိရပါတယ်။ အခုအခါမှာ ကျွန်တော်တို့ အထွက်တိုးမျိုးဖြစ်တဲ့ ရွှေရင်အေးစပါးကို ဒီဒေသမှာ အခုအများအပြား စိုက်ပျိုးကြပြီဖြစ်ပါတယ်။ အဲဒီ ရွှေရင်အေးစပါးရဲ့ထွက်နှုန်းဟာ ပြီးခဲ့တဲ့နှစ်က ဆုရတာ တစ်ဧကမှာ ၁၅၅တင်း ဖြစ်ပါတယ်။ အဲဒီလိုမျိုးတွေ ပြောင်းလဲ စိုက်ပျိုးတယ်။ ပြီးတဲ့အခါမှာ စိုက်နည်းစနစ်တွေနဲ့ သွင်းအားစုတွေကိုလဲပဲ ထည့်ပြီးတော့သုံးပါတယ်။ အဲဒီလို ဆောင်ရွက်ခဲ့တဲ့အတွက် ကနေ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)လို့ခေါ်တဲ့ ကျိုင်းတုံဒေသမှာပင်လျှင် ဒေသဝမ်းစာစပါးဖူလုံနေပြီ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံး စားသုံးဖို့လိုတဲ့ ဆန်စပါးဟာ တင်းသန်း၈၀၀ကျော်ပဲ ဖြစ်ပါတယ်။ ထုတ်လုပ်တာသည် တင်းသန်း၁၂၀၀လောက် ထုတ်တယ်။ စားသုံးဖို့လိုတာသည် တင်းသန်း၈၀၀၊ ဒါ့ကြောင့် Supply and Demand သဘောအရ ဆန်ဈေးဟာ များများစားစားတက်စရာအကြောင်း မရှိပါဘူး။

ဒါပေမယ့်လဲ အခုလို ဩဂုတ်လ၊ စက်တင်ဘာလ မိုးရာသီကို ရောက်ပြီဆိုရင် အရင်ကထုတ်ခဲ့တဲ့ ဆန်စပါးများကို ပြည်သူကလဲပဲ စားသုံးလို့ တချို့ကုန်သွားတယ်။ ပြီးရင် မျိုးအဖြစ်လဲပဲ ပြန်ပြီးတော့ စိုက်ပျိုးလို့ကုန်သွားတာ ဖြစ်တဲ့အတွက် အခုအချိန်အခါကိုရောက်ရင် ဆန်စပါးလက်ကျန်နည်းတတ်ပါတယ်။ နည်းလာတတ်ပါတယ်။ နောက်တစ်ခါ စိုက်ထားတဲ့ စပါးကလဲပဲ သီးနှံမပေါ်သေးပါဘူး။ အဲဒီလို စပ်ကူးမတ်ကူးကာလအခါမျိုးမှာတော့ ဆန်စပါးဈေးနှုန်းဟာ အနည်းငယ်တက် တတ်ပါတယ်။ ဒါက သဘာဝအတိုင်းဖြစ်တဲ့သဘောပါ။

သို့သော်လဲပဲ ရန်ကုန်မှာ အခုတလော ဖြစ်သွားတာက အဲဒီ သဘာဝအတိုင်း မဟုတ်ပါဘူး။ ဒီလိုဖြစ်တတ်တဲ့သဘာဝကို အခွင့်ကောင်းယူပြီးတော့ ဆန်နဲ့စပါးအများအပြား သိုလှောင်ထားတဲ့ ကုန်သည်ကြီးတွေဟာ ဈေးကစားတဲ့အတွက် ဆန်စပါးဟာ ဖြစ်နေကျထက် ပိုလှုပ်သွားတာ ဖြစ်ပါတယ်။ အဲဒီလိုဖြစ်တဲ့အခြေအနေကို သက်ဆိုင်ရာဒေသအာဏာပိုင်များက စည်းရုံးရေးနည်း၊ အုပ်ချုပ်ရေးနည်းများနဲ့ ကိုင်တွယ်ဖြေရှင်းပေးပါတယ်။

စည်းရုံးရေးနည်းကတော့ ပြည်သူအနေနဲ့လဲပဲ ကိုယ့်နိုင်ငံမှာ ဝမ်းစာစပါးအပြည့်အဝ အဖူအလုံရှိတယ်ဆိုတာသိရှိပြီးတော့ မှန်မှန်ကန်ကန် ဝယ်ယူစားသုံးတတ်အောင်၊ သက်ဆိုင်ရာကုန်သည်များရဲ့ လှည့်ကွက်ထဲကို ဝင်မသွားအောင် စည်းရုံးပညာပေးတာ ဖြစ်ပါတယ်။ တစ်ဖက်ကလဲပဲ သက်ဆိုင်ရာကုန်သည်များကို သူတို့အကျိုးတစ်ခုတည်းမကြည့်ဘဲနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးကိုကြည့်ပြီး မျှမျှတတ ဆောင်ရွက်တတ်အောင်လဲ ပညာပေး ဆောင်ရွက်ပါတယ်။ ဒါက ပညာပေးနည်းဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အုပ်ချုပ်မှုနည်းလမ်း ဖြစ်ပါတယ်။ အုပ်ချုပ်မှုနည်းလမ်းအနေနဲ့ကတော့ ဆန်ကုန်သည်ကြီးများအသင်း၊ ဆန်စက်ပိုင်ရှင်များအသင်းနဲ့ ညှိနှိုင်းပြီးတော့ ရန်ကုန်မှာ ဆန်ဆိုင်ပေါင်း၅၀လောက်ဖွင့်ပြီးတော့ ဆန်တစ်ပြည်ကို ကျပ်၄၀၀ နှုန်းနဲ့ ဈေးကွက်အတွင်းမှာ ရောင်းချပေးပါတယ်။ ပြီးရင်လဲ စောစောက ဦးအောင်လှထွန်းမေးတဲ့ ဆန်နဲ့ စပါးကို အများအပြားသိုလှောင်ပြီးတော့ ဈေးကစားကြတဲ့ ဆန်ကုန်သည် တချို့ကိုလဲ ခေါ်ယူပြီးတော့၊ ညှိနှိုင်းပြီးတော့ မျှမျှတတလုပ်အောင် ဆောင်ရွက်ပေးပါတယ်။ ဒါက အုပ်ချုပ်မှုနည်းလမ်းဖြစ်ပါတယ်။

အဲဒီလို စည်းရုံးရေးနည်းလမ်း၊ အုပ်ချုပ်မှုနည်းလမ်းနဲ့ ဆောင်ရွက်ခဲ့တဲ့အတွက် ကနေ့ဆန်ဈေးနှုန်းဟာ ပုံမှန်အနေအထားကို ပြန်ရောက်ပြီး တည်ငြိမ်နေပြီဖြစ်ပါတယ်။ ဒါကတော့ အားလုံးနဲ့ဆိုင်နေတာဖြစ်တဲ့အတွက် နိုင်ငံတော်က ဆောင်ရွက်နေတဲ့ အနေအထားကိုပါသိအောင်၊ အခြေအနေမှန်ကိုသိအောင် ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြခြင်းဖြစ်ပါတယ်။

ဦးအောင်လှထွန်းမေးတဲ့ ဆန်စပါးကုန်သည်ကြီးများရဲ့ အနာဂတ်အခြေအနေဆိုတာနဲ့ပတ်သက်လို့ကတော့ စောစောက ကျွန်တော်ပြောခဲ့သလိုပါပဲ။ ကနေ့ သူတို့တစ်တွေကို သူတို့အကျိုးတစ်ခုတည်းမကြည့်ဘဲနဲ့ တိုင်းပြည်နဲ့ လူမျိုးအကျိုးကိုပါကြည့်ပြီးတော့ မျှမျှတတ ဆောင်ရွက်နိုင်အောင် ခေါ်ယူညှိနှိုင်းဆောင်ရွက်တာဖြစ်ပါတယ်။ သူတို့က အဲဒီလိုမဟုတ်ဘဲနဲ့ သူတို့အကျိုးတစ်ခုတည်းပဲကြည့်ပြီးတော့ ဆက်ပြီးတော့ လုပ်နေကြမယ်ဆိုရင်တော့ ဒီထက်ထိရောက်တဲ့ နည်းများနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါဟာ ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးအတွက်ဖြစ်ပါတယ်လို့ ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒေါက်တာဇော်သန်း (ဆန်ကေးရှင်ဘွန်းသတင်းဌာန)

ခုနက ဦးကိုကိုရဲ့ မေးခွန်းနဲ့ ဆက်စပ်ပြီးတော့ ရန်ကုန်မှာ ကွန်ပျူတာဆက်စပ်ပစ္စည်းတွေ ဈေးနှုန်းတက်တာတွေ၊ နောက်တစ်ခုက ကားဈေးနှုန်း တက်တာတွေနဲ့ ပတ်သက်ပြီးတော့ သတင်းတစ်ခု ထွက်ပေါ်နေပါတယ်။ အဲဒါကတော့ ငါးထောင်ကျပ်တန် ငွေစက္ကူအသစ် ထွက်မယ်ဆိုပြီးတော့ သတင်းတွေထွက်ပေါ်နေတယ်။ အဲဒါနဲ့ပတ်သက်လို့ ရိုက်ခတ်မှုတွေလဲ ရှိတာကြောင့်မို့လို့ သတင်းစာရှင်းလင်းပွဲ သတင်းထုတ်ပြန်ရေးကော်မတီအနေနဲ့ ဘယ်လိုများ မှတ်ချက်ပေးနိုင်ပါသလဲလို့ သိချင်ပါတယ်။

ဆန်ကေးရှင်ဘွန်း သတင်းဌာနမှ ဒေါက်တာဇော်သန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

ကျွန်တော်တို့နိုင်ငံမှာ ကားဈေးနှုန်းတက်တယ်။ ကားဈေးနှုန်းကျတယ်။ ဒါကလဲပဲ Fluctuationဖြစ်နေတာပါပဲ။ ဒါတွေကလဲပဲ တကယ့် Supply and Demandကြောင့်မဟုတ်ပါဘူး။ စောစောက ပစ္စည်းလက်ဝယ်ရှိနေတဲ့သူတွေ၊ ငွေနည်းနည်းရှိနေတဲ့သူတွေက သူတို့အကျိုးအမြတ်ရှိဖို့ ကစားနေတာပါ။ ကောလာဟလ လွှင့်ထုတ်လိုက်တာပါ။ အဲဒီသဘောတွေနဲ့ ဆောင်ရွက်နေတဲ့ အနေအထားဖြစ်ပါတယ်။ ကွန်ပျူတာပစ္စည်းတွေ၊ အီလက်ထရွန်နစ်ပစ္စည်းတွေ ဈေးတက်တယ်ဆိုတာကတော့ စောစောကပြည်ထဲရေးဝန်ကြီးရှင်းပြတဲ့ အတိုင်းပါပဲ။

ဆိုလိုချင်တဲ့သဘောက သူတို့က မှန်မှန်ကန်ကန် Licence မှာပါတဲ့ အတိုင်း သူတို့မသွင်းဘူး။ တချို့ကျတော့ Licence မှာပါတဲ့ အရေအတွက်ထက် ပိုပြီးသွင်းတယ်။ ပါတာကတစ်ရာ၊ သူကတစ်ရာ့ငါးဆယ်ထည့်ထားတယ်။ နှစ်ရာထည့်ထားတယ်။ ဒါတစ်နည်းပေါ့။ နောက်တစ်ခုကရောတယ်။ Licence မှာပါတာက အမျိုးအစားတစ်မျိုးပဲပါတယ်။ သို့သော်သူက တခြားသူလိုချင်သော အခြားအမျိုးတွေပါရောပြီး အဲဒီအထဲထည့်သွင်းယူတယ်။ ကွန်တိန်နာထဲမှာ။ နောက်တစ်ခုကတော့ Licence မှာပါတာနဲ့ တခြားစီပဲ။ Licence မှာပြောထားတာကျရင်တော့ သူက ကန့်သတ်ကုန်မဟုတ်ဘူး။ နောက်တစ်ခုက ဈေးနှုန်းအားဖြင့်လည်း Tax မများတဲ့ကုန်တွေကိုပြောထားတယ်။ သို့သော် သူတကယ်သွင်းတဲ့အခါကျတော့ ကန့်သတ်ထားတဲ့ပစ္စည်းတွေကို အဲဒီအထဲမှာထည့်ထားတယ်။ အဲဒီလိုဆိုတဲ့အခါကျတော့ သူက ကွန်တိန်နာကိုလာမထုတ်ရဲဘူး။ လာထုတ်ရင်ဖွင့်ဖောက်စစ်မယ်၊ ဖွင့်ဖောက်စစ်ရင် ပေါ်မယ်၊ ပေါ်ရင် သူအရေးယူခံရမယ်။ အဲဒါတွေကြောင့် တချို့မထုတ်ရဲတဲ့အတွက်ကြောင့် ပစ္စည်းနည်းနည်းပါးပါး ပြတ်သွားပြီးတော့ ဈေးတက်တာလဲဖြစ်နိုင်သလို ဒါကို အခွင့်ကောင်းယူပြီးတော့ ဒီလိုဖြစ်နေတာကို အခွင့်ကောင်းယူပြီးတော့ ကွန်ပျူတာပစ္စည်းတွေ၊ အီလက်ထရွန်နစ်ပစ္စည်းတွေ လက်ဝယ်ပိုင်တဲ့သူတွေက ဆန်ကိုလုပ်သလို လုပ်တာလဲ ဖြစ်နိုင်ပါတယ်။

နောက်မေးခွန်းဖြစ်တဲ့ ငါးထောင်တန်ဆိုတာကတော့ မဟုတ်ပါဘူး။ ငါးထောင်တန်ကိုဖြေရှင်းပြီးရင် နောက်ထပ်တစ်သောင်းတန် ဒေါက်တာဇော်သန်းဆီ ရောက်လာပါလိမ့်ဦးမယ်နော်။ ကျေးဇူးတင်ပါတယ်။ ။ **(သတင်းစဉ်)**

ဩဂုတ် ၁၄ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများနှင့် ဆက်စပ် ဓာတုဗေဒဆေးများကို တွေ့ရစဉ်။

(သတင်း–ရှေ့ဖုံး)(သတင်းစဉ်)

ကလေးမြို့ တာတန်း စည်ပင်ဈေး မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဩဂုတ် ၁၆

စစ်ကိုင်းတိုင်း ကလေးမြို့ တာတန်း စည်ပင်ဈေး၌ ဇူလိုင် ၁၄ ရက် ည ၉ နာရီ ၁၅ မိနစ်တွင် အလှကုန်အရောင်းဆိုင်မှ ဝါယာရှော့ဖြစ်ပြီး စတင်မီးလောင်ကျွမ်းခဲ့ရာ ည ၁၁ နာရီ၌ မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ဈေးဆိုင်ခန်း ၅၈၂ ခန်း၊ တန်ဖိုးငွေကျပ် ၁၃၂ သိန်းနှင့် ဈေးအပြင်တိုက်ခန်း ၈၁ ခန်း တန်ဖိုးငွေကျပ် ၁၆၂ သိန်း စုစုပေါင်း ကျပ် ၂၉၄ သိန်း တန်ဖိုးဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မောက်မယ်၌ မိုးစပါးကောက်စိုက်စွမ်းရည်ပြိုင် စိုက်ပျိုးနည်းစနစ်ရှင်းလင်း၊ ဆုများပေးအပ်ချီးမြှင့်

လင်းခေး ဩဂုတ် ၈

လင်းခေးခရိုင် မောက်မယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မောက်မယ်မြို့နယ် ၂၀၀၆ ခုနှစ် မိုးစပါးကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်နံနက် ၉ နာရီက ဈေးတန်းရပ်ကွက် ကွင်းအမှတ်(၂၀) ဦးပိုင် (၃)ရှိ တောင်သူဦးဆန်ဆော၏ လယ်ကွက်၌ ကျင်းပသည်။

အခမ်းအနားသို့ လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းနှင့်အဖွဲ့ဝင်များ၊ မောက်မယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမင်းအေးလွင်နှင့်အဖွဲ့ဝင်များ၊ နယ်မြေခံတပ်နယ်မှအရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့် ကောက်စိုက်လုံမေများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မောင်းက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအေးလွင်က စိုက်ပျိုးနည်းစနစ်များ ရှင်းလင်းတင်ပြကာ ပြိုင်ပွဲကို စတင်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ကောက်စိုက်အသင်း ၁၀ သင်းပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကောက်စိုက်စွမ်းရည်ဆုရ ပြိုင်ပွဲဝင်များအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပြီး ပထမဆုရ တပ်နယ်အသင်းအား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မောင်းက ဆုပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးလွင် ဩဂုတ်၃ရက်က ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ဇီးကုန်းမြို့နယ်အပိုင်း မိုးရာသီလမ်းတံတားများ ကြံ့ခိုင် ကောင်းမွန်မှု အခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာဦးမြင့်ဝင်းတို့က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မကွေးတိုင်းစည်ပင်ဒုတိယအင်ဂျင်နီယာမှူးကြီး ဂန့်ဂေါမြို့ မြစ်သာမြစ်ကူးကြိုးတံတားစစ်ဆေး

ဂန့်ဂေါ ဩဂုတ် ၃

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးသည် ဂန့်ဂေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောမြင့်ထွန်းနှင့်အတူ ဇူလိုင် ၂၉ရက်က ဂန့်ဂေါမြို့နယ်နှင့် အနောက်ဂန့်ဂေါကျေးရွာသို့ ဆက်သွယ်သော မြစ်သာမြစ်ကူးကြိုးတံတားကို ကြည့်ရှုစစ်ဆေးကြသည်။**(အောက်ပုံ)**

အဆိုပါ မြစ်သာမြစ်ကူးကြိုးတံတားကို ၁၉၉၃ခုနှစ်က တည်ဆောက်ထားပြီး အရှည်ပေ ၇၀၀၊ အကျယ် ခြောက်ပေရှိသော ကြိုးတံတားဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုး ဇူလိုင် ၂၅ ရက်က ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ရုံးဝင်းအတွင်း မြေခင်းအလှပြင်ဆင်ထားမှုနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သန့်ရှင်းရေးနှင့် ရေမြောင်းများတွင် အမှိုက်များ၊ နုန်းများ တူးဖော်ရှင်းလင်းခြင်းကို ဇူလိုင်၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ချမ်းမြေ့သာယာပန်းခြံအတွင်း စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်မှုကို ဇူလိုင် ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလှအောင် ကြီးကြပ်ပေးစဉ်။ (ပြည်နယ်စည်ပင်)

မြန်မာ့အသံ နားဆင်ရန်

၁၃၆၈ခုနှစ်
(ဝါခေါင်လပြည့်ကျော် ၁၀ ရက်)
၁၈–၈–၂၀၀၆
(သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးကို စတင်ခဲ့ပုံက)
၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကင်းပုံပင်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (တိမ်စင်သည့်လ ရွှန်းမြသောအခါ)

ညနေပိုင်း

၁၆း၀၀ ရာသီခါမီ တေးပန်းချီ
(၁) အလွမ်းမိုးစက်များ
(၂) မိုးရာသီထဲ
(၃) မိုးစဲနေ့
၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) မာတာမိခင် (ခေါင်းကြီး)
(၂) ရင်ထဲက လစန္ဒာ (ဆောင်းပါး သရုပ်ဖော်)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ချစ်တတ်စေချင်)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (စိတ်ချမ်းသာဖို့ လေ့ကျင့်ရန်အကြောင်း–မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (အလင်္ကာဝတ်ရည်ကာလပေါ်အဖွဲ့)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်သောမေ့ထံ ပြန်လာပါ
(၂) ပန်းနွယ်ကစိမ်း
(၃) အလွမ်းပြေ

မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနကြီးမှူး ရေကာတာချောင်းအတွင်း ငါးမျိုးစုပေါင်းစိုက်ထည့်

မအူပင် ဩဂုတ် ၅

မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဇူလိုင် ၃၀ရက် နံနက်က မအူပင်မြို့နယ် မလက်တိုကျေးရွာ သပွတ်တနောင်ကြီး ရေကာတာချောင်းအတွင်း ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအုံးဝင်း၊ တလုပ်လုငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးမြင့်မောင်၊ မလက်တိုကျေးရွာ ဥက္ကဋ္ဌဦးအောင်နိုင်၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ငါးမြစ်ချင်းကောင်ရေ ခြောက်သိန်း၊ ငါးခုံးမတစ်သိန်း၊ ရွှေဝါငါးကြင်းငါးသောင်းကို ချောင်းအတွင်းသို့ ငါးမျိုးစုပေါင်းစိုက်ထည့်ပေးကြောင်း သိရသည်။ **(၄၂၁)**

တာချီလိတ်မြို့၌ စာပေညီလာခံ အတွေ့အကြုံရှင်းလင်း

တာချီလိတ် ဩဂုတ် ၁

စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲကို ဇူလိုင် ၁၂ရက် ညနေ ၃နာရီက တာချီလိတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ တာချီလိတ်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင် (မောင်မြန်မာ)နှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ မြို့နယ်စာပေဝါသနာရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်သီဟနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်အောင် (မောင်မြန်မာ)က အမှာစကား ပြောကြားပြီး စတုတ္ထအကြိမ် စာပေညီလာခံ ကိုယ်စားလှယ်ဦးအောင်ဖြိုးရှိန် (မောင်ယဉ်ကျေး)က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွေ့အကြုံများကို အကျယ်တဝင့် ရှင်းလင်း ပြောကြားသည်။**(ဝဲပုံ)**

လေ့လာ

ထို့နောက် တက်ရောက်လာကြသူများက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံမှတ်တမ်းဓာတ်ပုံများနှင့် စာစောင်များကို ကြည့်ရှုလေ့လာကြသည်။ **(၄၂၀)**

အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် မဟာမြိုင်ပရိယတ္တိစာသင်တိုက်တွင် ထာဝရ ရေပဒေသာပင် ၁၀၀၀ စိုက်ထူလှူဒါန်းရန် ရေပဒေသာပင်တစ်ပင်လျှင် ငွေကျပ်၁၂၀၀၀နှုန်းဖြင့် ၁၀ ပင်အတွက် အလှူငွေကျပ် ၁၂၀၀၀၀ကို ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သူရိယ၏ ရှေ့မှောက်၌ ရွှေပြည်သာမြို့နယ်(၂) ရပ်ကွက် အမှတ် ၃၀/၁၅၇နေ ဦးညီ–ဒေါ်သန်းစိန်မိသားစုက အကျိုးဆောင်ဒေါ်လှလှစိုးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့ တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့်အောင်မြင်သူများအား ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးအဖွဲ့ လက်အောက်ရှိ ယာဉ်ပိုင်ရှင်၊ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ၏ ၂၀၀၅–၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော သားသမီးများ အား ဂုဏ်ပြုပွဲနှင့်ပဋ္ဌမအကြိမ်မြောက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ်၁၃ရက်နံနက် ၉နာရီက သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က အမှာစကားပြောကြားပြီး ၂၀၀၅–၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် **(အပေါ်ယာပုံ)** တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်လေးဦး၊ တစ်ဘာသာဂုဏ်ထူးရှင်လေးဦးနှင့် ပဋ္ဌမအကြိမ်မြောက် ပညာသင် ထောက်ပံ့ငွေများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်၊ ရန်ကုန်တိုင်းမော်တော်ယာဉ် လိုင်းပေါင်းစုံကြီးကြပ်ရေးမှူးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့်ပညာသင် ထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စုပေါင်းစိုက်ထည့်

မင်းဘူး ဩဂုတ် ၉

ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားကို ဩဂုတ် ၇ရက်နံနက်က မင်းဘူးမြို့ရွှေသူဌေးကုန်းရပ်၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင်တိုင်းငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအောင်ဇော်ဝင်းက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်ထံသို့ ငါးမြစ်ချင်း ငါးသန်သုံးသိန်းနှင့် ငါးမှန် သိန်း၄၀ကို ပေးအပ်သည်။

စိုက်ထည့်

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်၊ တိုင်းငါးလုပ်ငန်း ဦးစီးမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ စုပေါင်း၍မြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ကြသည်။

အလားတူ မင်းဘူးမြို့ ကန်ရေရှာကန်၌ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်က ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကြို့ပင် ကောက် အပိုင်းတွင် မိုးရာသီ၌ ဘော်ဘင် ဆည်မြောင်း လက်တံတံတား ဆောက်လုပ်ခြင်း လုပ်ငန်းကို ဩဂုတ် ၃ရက်က ပဲခူးတိုင်း(အ နောက် ပိုင်း) စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်

ကွင်းဆင်းစစ်ဆေးရာ တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းဦးတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဖြူးမြို့နယ်၌ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ဖြူး ဩဂုတ် ၆

ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ဦးဆောင်၍ ဇူလိုင် ၂၉ ရက်က ဖြူးမြို့နယ်တောင်ဘက် ရန်ကုန်–မန္တလေး ကားလမ်းမဘေး ဝဲယာတစ်လျှောက်တွင် ချုံနွယ်များရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်ရာသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်၁၀ရပ်ကွက်မှ ပြည်သူများစုပေါင်း၍ ဆောင်ရွက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ဆွေမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇန်ကျွမ်းတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ရေဦး မွေးမြူရေးလုပ်ငန်းရှင်များအသင်း ဆေးပဒေသာပင်အတွက်ငွေလှူဒါန်း

ရေဦး ဩဂုတ် ၅

ရေဦးမြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်းက ရာသက်ပန် ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇူလိုင်၃၁ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်ထွန်းက ရေဦးမြို့ ခုတင်(၅၀)ဆေးရုံကြီးအတွက် ရာသက်ပန်ဆေးပဒေသာပင်စိုက်ထူပေးရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

လက်ခံယူ

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင်၈၀တို့က လှူဒါန်းသော ဆေးပဒေသာပင်ငွေကျပ် ၁၂ သိန်းငါးသောင်းကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးဇော်ဝင်း၊ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလက်ခံယူကြသည်။

ပေးအပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းက ရေဦးမြို့ပြည်သူ့ဆေးရုံကြီးအတွက် ဆေးပဒေသာပင် ငွေကျပ် ၁၀သိန်းနှင့် တမာကောတိုက်နယ်ဆေးရုံအတွက် ဆေးပဒေသာပင်ငွေကျပ် နှစ်သိန်း ငါးသောင်းကို ရေဦးမြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ညွှန့်သန်းထံ လွှဲပြောင်းပေးအပ်သည်။ **(၃၇၈)**

ဖခင်ဦးကြူအား ရည်စူးပြီး မိခင်ကြီး ဒေါ်ရှုလှ အမှူးထား၍ သားသမီးမြေးတစ်စု၊ ကြိမ်ကြိမ် မုန့်ဆိုင် (ပေါင်းတည်–ရန်ကုန်) က ပေါင်းတည်မြို့နယ် ဘိုးဘွားရိပ်သာဘက်စုံပြုပြင်မွမ်းမံရေးနှင့် ဇီဝိတဒါန ဘိုးဘွားဆေးရုံ တည်ဆောက်ရေးအတွက် ဩဂုတ် ၉ ရက်က အလှူငွေကျပ်၂၅သိန်းလှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁) ဒုရဲမှူးထင်အောင်ကျော်က လက်ခံယူစဉ်။ (၀၆၄)

အလင်းပြစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် ပရိဘောဂနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

သာပေါင်း ဩဂုတ် ၈

သာပေါင်းမြို့ ငဝန်ဒေါင်ကြီးကျေးရွာ အလင်းပြစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့်ပရိဘောဂများ၊ အလှူငွေများ၊ စာအုပ်များ လှူဒါန်းပွဲကို ဩဂုတ်၃ရက်က စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ချစ်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းရှိန်နှင့် အလင်းပြစာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

လှူဒါန်း

ထို့နောက် မြို့နယ်အတွင်းရေးမှူး ဦးအောင်လှိုင်မြတ်၊မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးဝင်းသန်းတို့က အမှာစကားများပြောကြားကြပြီး အလှူရှင်များက ပရိဘောဂများ၊ အလှူငွေများနှင့် စာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌကလက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လေးမျက်နှာမြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့အဝင်လမ်းဘေးဝဲယာတွင် စက္ကူပန်း၊ စိန်ပန်းပင်ပုနှင့် ခရာဝါပင် စုစုပေါင်း ၁၀၀၀ မြေချစိုက်ပျိုးမှုကို ဇူလိုင်၂၅ရက်က အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်နိုင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဆောင်ရွက်ရာ အမှုဆောင်အရာရှိဦးဇော်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မကွေးတိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမဇာရီမှုအမှတ်–၁၃

မန်နေဂျာ ၁။ ဦးမြင့်သန်း
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၂။ ဦးကျော်ခိုင်ဦး
ရေနံချောင်းမြို့။ ရေနံချောင်းမြို့။
တရားနိုင် **တရားရှုံး**

မကွေးတိုင်းတရားရုံး၏ ၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်–၂၂တွင် ကျရှိသည့်ဒီကရီအတွက် ဇာရီစာရင်းပုံစုရာ စာရင်း၌ဖော်ပြထားသောပစ္စည်းတွင် တရားရှုံးများအကျိုးသက်ဆိုင်ခြင်းကို ၂၀၀၆ခုနှစ် စက်တင်ဘာလ ၂၉ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်) နံနက် ၁၀း၀၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်း

ရေနံချောင်းမြို့၊ သစ်တပွေရပ်၊ အကွက်/ကွင်းအမှတ်(၁၄/အိုးဘိုစု)၊ ဦးပိုင်(၁၆၀)၊ မြေကွက် (၃) ဧရိယာ ၀ ဒသမ ၈၅၀ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၃၇ ဒသမ ၆x၃၄xမ=၂၁) ပေအကျယ် နှစ်ထပ်တိုက်နှင့် (၂၃x၃၂ဒသမ ၆xမ=၁၁)ပေအကျယ် သွပ်မိုးတစ်ထပ်တိုက်အပါအဝင် အဆောက်အအုံများအားလုံး။

လေလံကြမ်းခင်းဈေးအား ကျပ် ၆၅သိန်း သတ်မှတ်သည်။

လေလံစည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်စုံတစ်ရာအပေါ် တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၆ ခုနှစ် ဩဂုတ် ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြတ်မင်း
တိုင်းတရားသူကြီး
မကွေးတိုင်းတရားရုံး။

[illegible]
RUBY
Mark-II, Pajero, Hi-Ace Van, Saloon, Town-Ace Surf, Hilux, Pick-up

BBS U HLA BU'S TOEFL
Aug 24; Sept 18

အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်း အလုံမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်–၂၃အမ်၊ မြေကွက်အမှတ်(၆၉)၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကရှိသော နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဥပစာအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်မင်းဆွေ ၁၂/အလန (နိုင်) ၀၁၃၂၀၃၊ ဦးအောင်သိန်း ၁၂/ပဇတ (နိုင်) ၀၃၁၁၂၅ အမည်ပေါက် ပိုင်ဆိုင်ကြောင်း ပြောဆိုလာသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုလိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးထွန်းစိန်(စဉ်–၇၈၄၈)
အထက်တန်းရှေ့နေ
အမှတ်(၂၉)၊ဘယသုဒ္ဓိလမ်း၊
ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်။

Pre-School Teacher's Training ဖွင့်မည်

လူမှုဝန်ထမ်းဦးစီးဌာနမှ ဝါရင့်ကျွမ်းကျင်သော မူကြိုပညာရှင်များ ကိုယ်တိုင်သင်ကြားမည့် ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးသင်တန်း (Early Childhood Care & Development Training)(မူကြိုဆရာအတတ်သင်တန်း)များကို ၄–၉–၂၀၀၆ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ သင်တန်းတက်ရောက်လိုသူများသည် သင်တန်းဝင်ခွင့်လျှောက်လွှာများကို လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းတွင် လာရောက်၍ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိလိုပါက စုံစမ်းရန် အမှတ်–၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ဖုန်း– ၆၆၁၃၁၀၊ ၆၅၀၄၉၃။

[illegible]
☎ : 01-513109, 701387

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၁၈၂၂ အီရိုလပ်၊ ထရပ်(၄x၂)ယာဉ် လက်ဝယ်ရှိသူအမည် ဦးစိန်ဝင်း မှတ်ပုံတင်အမှတ် ၉/စကန(နိုင်)၀၅၈၁၄၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊(ပြည်နယ်ရုံး)၊မြစ်ကြီးနားမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၁၃၈

မန်နေဂျာ **နှင့်** ၁။ ဦးမြင့်အောင်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်စန်းကြည်
ကျောက်ပန်းတောင်းမြို့။ သာယာအေးရပ်၊
ကျောက်ပန်းတောင်းမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၅ ခုနှစ် တရားမကြီးမှု အမှတ် ၃၈၄ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့၊ မြန်မာသက္ကရာဇ် (၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက် ကွင်းအမှတ်(၂၀၆၈/လေးရွာ)ကွင်း၊ မြေကွက်အမှတ် (၄၀/၄၇၃)၊ ဧရိယာ ၀ ဒသမ ၀၅၂ ဧကရှိ မြို့မြေနှင့် ယင်းမြေပေါ်ရှိ (၂၆ ဒသမ ၆x၂၄ ဒသမ ၆x၁၆)ပေ ထပ်ခိုးပါ၊ ထပ်ချင်း၊ နံကပ်၊ ရှေ့ခေါင်း (၈ ဒသမ၆x၉x၉) ပေဖြင့် ၉ လက်မအုတ်ရိုးနှင့် ရှေ့အဖီ (၂၈ ဒသမ၆x၂၃x၁၀)ပေဖြင့် သွပ်မိုး၊ အုတ်ညှပ်ကာ၊ ကွန်ကရစ်ခင်း၊ ထပ်ခိုး လျှာထိုးပျဉ်းခင်းဖြင့် နေအိမ်။

လေလံကြမ်းခင်းဈေး ကျပ် ၅၂ သိန်း။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်စုံတစ်ရာအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဩဂုတ် ၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ထွန်း
တိုင်းတရားသူကြီး။

ဟင်းသီးဟင်းရွက်စိုက်ခင်း မြေဆွေးထည့်ပြုပြင်

ဗန်းမော် ဇူလိုင် ၃၁

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းတွင် ပေါင်းရှင်း၊ မြေဆွေးထည့်ပြုပြင်ခြင်းနှင့် မြေသြဇာကျွေးခြင်းလုပ်ငန်းများကို ဇူလိုင် ၁၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးမောင်မောင်ထွန်း ခေါင်းဆောင်သော စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်နှင့် အင်ဂျင်နီယာမှူး ဦးသိန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်းသိရသည်။ **(အပေါ်ပုံ)** **(မြို့နယ်စည်ပင်)**

သံဃာတော်များအတွက် တိုင်းရင်းဆေးများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၆

ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀)အဖွဲ့ (အင်းစိန်)ကကြီးမှူး၍ ညောင်ဦးမြို့နယ်စဥ့်ကူမြို့ မြို့ကုန်း ရပ်ကွက် သမိုင်းဝင် စိန္တာမုနိစေတီကြီးစေတီတော်နှစ်စဥ်ကျင်းပမြဲ ဗုဒ္ဓပူဇနိယပွဲတော်ကို ဩဂုတ် ၃၀ရက် နံနက်တွင် ကျင်းပမည်ဖြစ်ရာ ၂၅ကြိမ်မြောက်(ငွေရတု)ဆီမီး၊နံ့သာ(၉၉၀၀)စီကပ်လှူပူဇော်ပွဲနှင့်ဝါဆိုသံဃာ၃၄၆ပါး၊သီလရှင် ၁၄ပါးကို တတိယအကြိမ်မြောက် သင်္ကန်း၊ဆွမ်း၊ဆွမ်းဆန်စိမ်း၊ဆွမ်းဟင်း၊လောင်းလှူပွဲတွင် တိုင်းရင်းဆေးဝါးများ လောင်းလှူရန်အတွက် သမားတော်ကြီး(မိုးကုတ်) ဦးကျော်စိန်–ဒေါ်နန်းခမ်းဆာ(ဖြူစင်မေတ္တာဆေးတိုက်)သားသမီးမြေးတစ်စုကငွေကျပ် ၁၂၉၆၀၀တန်ဖိုးရှိ ချောင်းဆိုးပျောက်ဆေးရည် ၄၃၂ဘူးနှင့် အလှူငွေကျပ် ၅၀၀၀၀၊ သမားတော်ကြီး ဦးလှဌေး–သမားတော်ကြီး သီရိသုခမ္မသင်္ဂဳ ဒေါ်တင်နွယ်ဦး(မှန်ချိုဆေးတိုက်) သားသမီးတစ်စုက ငွေကျပ် ၈၁၀၀၀ တန်ဖိုးရှိ အံ့ဘွယ်ဆေးထုပ်နှင့် ရွှေပြည်စံဆေးထုပ် ၁၅၆၀ ကို ဩဂုတ် ၁၀ ရက် နံနက်က တိုင်းရင်းသမားတော်ကြီးများ၏ ဆေးခန်းများ၌ ပေးအပ်လှူဒါန်းရာ ဗုဒ္ဓပူဇနိယ ဆီမီး(၉၉၀၀)အဖွဲ့နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)၊ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး)၊အတွင်းရေးမှူး ဦးခင်မောင်ညွန့်(တရားရုံးချုပ်ရှေ့နေ) တို့က လက်ခံယူကြသည်။

(ယာပုံ) (၀၄၆)

ကြက်ဆူပင်စိုက်ပျိုး

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဒိုက်ဦး–မြစ်ကျိုး–ညောင်ခါးရှည် လမ်းဘေးတွင် ခြံစည်းရိုးကြက်ဆူပင်များ မြေချစိုက်ပျိုးရာ ဇူလိုင် ၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းထွန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၀၆ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာယူစွပ်ကာလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ဒုတိယသမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဩဂုတ် ၁၂ ရက်မှ စတင်တိုက်ခတ်ခဲ့သော နှစ် ၅၀ အတွင်း အင်အားပြင်းထန်သည့် ဆောင်မိုင်းမုန်တိုင်းဒဏ်ကြောင့် ဖူကျန့်၊ ကျဲ့ကျန်းနှင့် ကျန်းရှီး ပြည်နယ်များ၌ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာကျန်းချင်းဟုန်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၀၆ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်ထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဩဂုတ် ၁၂ ရက်မှ စတင်တိုက်ခတ်ခဲ့သော နှစ် ၅၀ အတွင်း အင်အားပြင်းထန်သည့် ဆောင်မိုင်းမုန်တိုင်းဒဏ်ကြောင့် ဖူကျန့်၊ ကျဲ့ကျန်းနှင့် ကျန်းရှီး ပြည်နယ်များ၌ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးရသည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်ထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြစ်ပေါ် လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခမ်းပါဒေသအတွင်း SSA-S ရှက်ဆစ်ရဲ့ ဘိန်းချက်စခန်းနှစ်ခုကို စုံစမ်းဖော်ထုတ်ပြီး တိုက်ခိုက်သိမ်းပိုက်လိုက်ခြင်းက တရားခံဘယ်သူလဲဆိုတာ ကမ္ဘာသိအောင် သက်သေပြလိုက်ခြင်းဖြစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သတင်းထုတ်ပြန်ရေးကော်မတီ၏သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၆) တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၆)တွင် သတင်းထုတ်ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

သံအမတ်ကြီးများနဲ့ ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများခင်ဗျား–

ယနေ့ ကျင်းပခဲ့တဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီရဲ့ ရှင်းလင်းပြောကြားချက်များကို အားလုံးကြားသိခဲ့ကြပြီး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရဲချုပ်ရဲ့ရှင်းလင်းပြောကြားချက်ထဲမှာ ပါဝင်နေတဲ့ SSA-S ရှက်ဆစ်ရဲ့ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချမှုများ အပါအဝင် တိုင်းရင်းသား လူမျိုးစုများအပေါ် လူမျိုးသုဉ်း သတ်ဖြတ်မှု၊ မတော်မတရား အဓမ္မပြုကျင့်မှု၊ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲ၊ ဆက်ကြေးကောက်၊ *စာမျက်နှာ ၆ ကော်လံ ၁* ❒

သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၆) ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသတင်းထုတ်ပြန်ရေးကော်မတီ၏သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၆)ကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ကော်မတီဝင်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ *စာမျက်နှာ ၃ ကော်လံ ၃* ✻